# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၄၀)


## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကမ္ဘောဒီးယားနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**ရန်ကုန် နိုဝင်ဘာ ၉**

၂၀၀၄ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင်ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၅၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကမ္ဘောဒီးယားနိုင်ငံဘုရင် ပရယ်ကာရိုနာပရယ်ဘတ်ဆမ်ဒက် ပရယ် ဘိုရွန်နစ် နိုရိုဒွန် ဆီဟာမိုနီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကမ္ဘောဒီးယားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**ရန်ကုန် နိုဝင်ဘာ ၉**

၂၀၀၄ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင်ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၅၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး မှာကြားစဉ်။ **(သတင်းစဉ်)**





## ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို နိုင်ငံတော်ကခမ်းခမ်းနားနားတာဝန်ယူကျင်းပမည် နိုင်ငံ ၄၀ ကျော်မှဗုဒ္ဓဘာသာကိုယ်စားလှယ်များတက်ရောက်မည်ဖြစ်ရာ လစ်ဟင်းမှုမရှိရေးစီမံဆောင်ရွက် ညီလာခံကြီးအောင်မြင်ရေး အချိန်ယူပြင်ဆင်ခဲ့သဖြင့် ချောချောမောမောကျင်းပနိုင်မည်မှာသေချာ

## နိုင်ငံအသီးသီးမှကိုယ်စားလှယ်များအား မြန်မာပီပီ ဧည့်ဝတ်ကျေကျေ စေတနာထားကြိုဆိုစောင့်ရှောက်

**ရန်ကုန် နိုဝင်ဘာ ၈**

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဗဟိုဆောင် အစည်းအဝေးခန်းမ၌ကျင်းပရာ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✻

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

# နိုင်ငံသူနိုင်ငံသားများ ကျန်းမာကြံ့ခိုင်ရေး အလေးထား ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သစ်ထူထောင်ရာတွင် နိုင်ငံသူနိုင်ငံသားများ ကျန်းမာကြံ့ခိုင်ရေး အစီအမံများကို အလေးထား ဆောင်ရွက်ပေးလျက် ရှိသည်။

ထိုသို့ဆောင်ရွက်ရာ၌ လူမှုရေးကဏ္ဍတွင် ပြည်သူတို့အား ကျန်းမာရေးစောင့်ရှောက်မှု ပေးရေးလုပ်ငန်းစဉ်ကို အဓိကကျသော လုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ပြီး နိုင်ငံတော်က နိုင်ငံတစ်ဝန်းလုံး၌ ဆေးဝါးကုသမှုနှင့် ကာကွယ်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလျက် ရှိသည်။

ကုသရေးအပိုင်းတွင် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခုရှိ ဆေးရုံများအားလုံးကို ခုတင် (၂၀၀)ဆံ့ ဆေးရုံကြီးများအဖြစ် တိုးမြှင့်ပေးခဲ့ပြီး ပြည်သူများ၏ ကျန်းမာရေးအတွက် အလေးထား ကုသပေးလျက် ရှိသည်။ ထို့အပြင် ပြည်နယ်နှင့်တိုင်းများရှိ ဖွံ့ဖြိုးရေးဒေသကြီးများသာမက နယ်စပ်ဒေသများ၊ ကျေးလက်ဒေသများပါမကျန် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို လွှမ်းခြုံဆောင်ရွက် ပေးလျက် ရှိသည်။

ရောဂါကာကွယ် နှိမ်နင်းရေးအပိုင်းတွင် ကူးစက်ရောဂါ တိုက်ဖျက်ရေး၊ တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေး၊ တီဘီရောဂါ တိုက်ဖျက်ရေး စသည့်စီမံချက် ၁၂ခုတွင် ပြည်သူများ အင်တိုက်အားတိုက်ပါဝင်မှုဖြင့် ပူးပေါင်းဆောင်ရွက် လျက် ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများအား ကျန်းမာရေး ပညာပေးခြင်းလုပ်ငန်း၊ ရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများကို ရာသီအချိန်အခါအလိုက် အချိန်နှင့်တစ်ပြေးညီ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိသည်။

ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ သောက်သုံးရေ သန့်ရှင်းရေးလုပ်ငန်းများ၊ ရာသီအကူးအပြောင်းတွင် ဖြစ်ပွားလေ့ရှိသော ရောဂါများအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်တာများကို ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စသည့်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက် ရှိသည်။

ရောဂါကာကွယ်နှိမ်နင်းရေးစီမံချက် ၁၂ ခုတွင် ပါဝင်သည့် သွေးလွန်တုပ်ကွေး ရောဂါသည် မိုးရာသီတွင်သာ ဖြစ်တတ်သည်ဟု သိရှိထားသော်လည်း ယခုအခါ ရာသီမရွေးဖြစ်ပွားနိုင်ကြောင်း သိရှိလာရသည်။ အထူးသဖြင့် စပ်ကူးမပ်ကူး ရာသီပြောင်းကာလတွင် အထူးဂရုပြု ကာကွယ်ကြရမည် ဖြစ်ပေသည်။

သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်သည့်ခြင်သည် အိမ်တွင်း၌ပေါက်ပွားလေ့ရှိသဖြင့် ရေအိုး၊ ရေခွက်များကို ဖုံးအုပ်ထားခြင်း၊ လောက်လန်းများကို ခပ်ထုတ်ပစ်ခြင်း၊ လောက်လန်းရှိသည့် ရေများကိုသွန်ပစ်ခြင်း၊ ညောင်ရေအိုး၊ ပန်းအိုးများကို မကြာခဏ ရေလဲပေးခြင်း၊ မိုးရေတင်ပြီး ခြင်ပေါက်ပွားနိုင်သော ဘူး၊ ခွက်များကို ရှင်းလင်းပစ်ခြင်းနှင့် ကလေးငယ်များ နေ့ခင်းတွင်ဖြစ်စေ ခြင်ထောင်ဖြင့် အိပ်စက်စေခြင်းဖြင့် သွေးလွန်တုပ်ကွေးရောဂါကို ထိရောက်စွာ ကာကွယ်တားဆီးကြရန် ဖြစ်သည်။

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ ကျန်းမာရေးဝန်ကြီးဌာနသာမက ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များနှင့်အတူ တိုင်းရင်းသား ပြည်သူအားလုံး တက်ကြွစွာပါဝင်ကြပြီး ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများပါမကျန် လွှမ်းခြုံဆောင်ရွက်သွားကြရန် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံသူနိုင်ငံသားများ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ ရောဂါကာကွယ်ရေးနှင့် ကုသရေးစီမံချက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများနှင့် လက်တွဲ၍ သက်ဆိုင်သူများအားလုံးက အလေးထား စုပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက် ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းထံ သဃၤန်းကျွန်းမြို့နယ် (ခ) ရပ်ကွက်၊ ဆ/ခ ရပ်ကွက်၊ လေးထောင့်ကန် ရပ်ကွက်၊ ငမိုးရိပ်ရပ်ကွက်ပြည်သူများနှင့် အနေးယာဉ်လုပ်သားများ စုပေါင်းကာ အသင်းဝင်အဆိုပြုလွှာ ၅၁၈၅ စောင်ကို ရပ်မိရပ်ဖ ဦးတင်လှက ပေးအပ်စဉ်။ (သတင်းစဉ်)

## သဃၤန်းကျွန်းမြို့နယ် သီရိမာလာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်း မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် နိုဝင်ဘာ ၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကြီးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက သဃၤန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကဦးဆောင်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် သဃၤန်းကျွန်းမြို့နယ် (ခ)ရပ်ကွက်ရှိ သီရိမာလာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် စတင်ခင်းကျင်းခြင်းအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ရပ်ကွက်ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာများကို လက်ခံကြသည်။**

### ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးခင်ဝေက သီရိမာလာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ရေးလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေနှင့် ပြည်သူ့ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သဃၤန်းကျွန်းမြို့နယ် (ခ)ရပ်ကွက်၊ ဆ/ခ ရပ်ကွက်၊ လေးထောင့် ကန်ရပ်ကွက်၊ ငမိုးရိပ်ရပ်ကွက် ပြည်သူများနှင့် အနေးယာဉ်လုပ်သားများ စုပေါင်းကာ အသင်းဝင်အဆိုပြုလွှာ ၅၁၈၅ စောင်ကို ပေးအပ်ကြရာ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က လက်ခံကြသည်။

### မှာကြား

ယင်းနောက် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က သဃၤန်းကျွန်းမြို့နယ်အတွင်း ကျန်ရှိသည့် လမ်းများကို အဆင့်မြှင့်ဆောင်ရွက်ရေး၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အရှိန်မြှင့် ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေမင်းဝံသာသနာ့ရိပ်သာ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်ရပ်ကွက်ရှိ ရွှေမင်းဝံသာသနာ့ရိပ်သာ၏(၂၂)ကြိမ်မြောက် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၇ ရက် နံနက် ၉နာရီက ရွှေမင်းဝံသာသနာ့ရိပ်သာ မဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သောဘနထံမှ ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်နှင့် ဇနီး ဒေါ်တင်တင်ဝေ၊ ရွှေမင်းဝံသာသနာ့ရိပ်သာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့်ဇနီး၊ ပုဇွန်တောင်မြို့နယ် ... အမျိုးသမီးဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်တင့်နှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား ကထိန်လျာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

### အမျှပေးဝေ

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တ ခန္တီသာရက သာဓုအနုမောဒနာ တရားချီးမြှင့်တော်မူပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပုသိမ်ညွန့်(စံပြ)ရပ်ကွက် (၄၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၈**

တာမွေမြို့နယ် ပုသိမ်ညွန့်(စံပြ) ရပ်ကွက်လုံးဆိုင်ရာ (၄၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၂၀နှင့်၂၁ရက်များတွင် ဘယသုဒ္ဓိကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ပြီး နိုဝင်ဘာ ၂၁ရက် ညနေ၃နာရီတွင် သံဃာတော် ၄၆ ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## မြဝတီရုပ်မြင်သံကြား

**၉-၁၁-၂၀၀၄**
**(အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Utility Approch to Consumer Behaviour (ဒုတိယနှစ်၊ စီးပွားရေးအထူးပြု)
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရေသူမလေးရဲ့အချစ်"** (အပိုင်း-၁၆)ဇာတ်သိမ်းပိုင်း
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ မြန်မာ့ရှုခင်း
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား"** (ဒုတိယတွဲ) (အပိုင်း-၂၇)

✡ **ကျောဖုံး**

## ကျစ်လျစ်ခိုင်မာရေး

ရှေးဦးစွာမြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က မြန်မာနိုင်ငံအမျိုးသမီးရေးရာရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ယနေ့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့်သက်ဆိုင်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းမှုဆိုင်ရာများ၊ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တင်ပြစရာများရှိပါ၍ ယခုကဲ့သို့ အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို အခြေခံစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖွဲ့စည်းခဲ့ပြီး တစ်နှစ်နီးပါးကာလရှိ ယခုအချိန်၌ စာရင်းများအရ အသင်းဝင်အင်အား၁၃သိန်းကျော်ရှိနေပြီဖြစ်ကြောင်း၊ အဖွဲ့ချုပ်၏ချမှတ်ထားသော ရည်ရွယ်ချက်(၇)ရပ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အဓိကအားဖြင့် အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်ရေး၊အကူအညီပေးရေး၊ပညာပေးရေး၊စည်းရုံးရေးလုပ်ငန်းများကို အဖွဲ့ချုပ်၏ရည်ရွယ်ချက်များနှင့်အညီ တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊မြန်မာနိုင်ငံ၏ လူဦးရေတွင် ၅၀ဒသမ၃ရာခိုင်နှုန်းခန့်ပါဝင်လျက်ရှိသော အမျိုးသမီးထုကြီးကို စုစည်းပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်နိုင်ရန်အဖွဲ့ချုပ်ကြီးကဆက်လက်အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း၊မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ဗဟိုတွင် ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းထားပြီးဖြစ်သကဲ့သို့ ပြည်နယ် နှင့်တိုင်း၊ ခရိုင်/မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအဖွဲ့များ ကျစ်လျစ်ခိုင်မာရေးနှင့် အရည်အချင်းရှိသော အရေအတွက်များဖြစ်လာစေရန်ဘက်စုံကူညီပံ့ပိုးပေးမှုများ၊ ပညာပေးမှုများဖြင့် စည်းရုံးဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ အကျိုး၊ တိုင်းရင်းသားပြည်သူများ၏အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် အခြားသော မိတ်ဖက်ဖြစ်သည့် လူမှုရေးအသင်းအဖွဲ့များနှင့် စည်းလုံးညီညွတ်စွာ ပူးပေါင်း၍ အထောက်အကူပြုနိုင်သည့် အဖွဲ့ချုပ်တစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်သွားနိုင်ရေးကို ဌာနချုပ်နှင့်တကွ အဆင့်ဆင့်သော အဖွဲ့ဝင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ယခုလောလောဆယ် ဆောင်ရွက်ရန်ရှိသောလုပ်ငန်းတစ်ရပ်မှာ နိုဝင်ဘာလနောက်ဆုံးအပတ်တွင် တတိယအကြိမ်မြောက် ASEAN Committee on Women (ACW) အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပရန် အလှည့်ကျသဖြင့် ယင်းအစည်းအဝေးကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိကြောင်း၊ ထို့ကြောင့် ပါဝင်ဆောင်ရွက်ရမည့်သူများအနေဖြင့် မိမိတို့စီစဉ်သည့်အတိုင်း ဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဆက်လက်၍ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းများ၊ အမျိုးသမီး ငယ်/ရွယ်များအား အသိပညာပေးရေး၊ လေ့ကျင့်ပျိုးထောင်ပေးရေး၊ ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တို့ကို တိုးချဲ့စည်းရုံးသွားကြရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများဘဝတိုးတက်ဖွံ့ဖြိုးရေးအတွက် အဘက်ဘက်မှ အထောက်အကူပေးနေသည့် အဖွဲ့ချုပ်အဖြစ် ရပ်တည်နိုင်အောင် ကြိုးစားကြရမှာဖြစ်ကြောင်း၊ အထူးသဖြင့် ချို့တဲ့နွမ်းပါးသော အမျိုးသမီးများကို ကျောင်းပညာသင်ကြားနိုင်ရေး၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားနိုင်ရေးတို့ကို စီစဉ်ပေးနိုင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်းပြောကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းမှုအရ လိုအပ်သော လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

### စည်းမျဉ်းစည်းကမ်း

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က မြန်မာအမျိုးသမီးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့်တကွ အဆင့်ဆင့်သော အဖွဲ့ဝင်များအနေဖြင့် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# တိုင်းရင်းဆေးဆရာ တစ်နှစ်သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၈

**ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးဆရာ တစ်နှစ်သင်တန်း အမှတ်စဉ်(၃) (ရန်ကုန်) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုသင်တန်းကျောင်းခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ ဆေးရုံအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းဆရာများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

### ဂုဏ်ပြုဆုဖလားပေး

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ပထမဆုရ သင်တန်းသား အမှတ်(၂၂၅) ဒေါက်တာမေတင်မောင် **(ယာပုံ)**၊ ဒုတိယဆုရ သင်တန်းသား အမှတ်(၁၁၃) ဦးခင်မောင်ထွန်းနှင့် တတိယဆုရ သင်တန်းသား အမှတ်(၂၀၅) ဒေါ်သီသီအေးတို့အား ဂုဏ်ပြုဆုဖလားများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးက သင်တန်းသားများကိုယ်စား သင်တန်းသားကိုယ်စားလှယ်နှစ်ဦးအားသင်တန်းဆင်း လက်မှတ်များ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



# ကြည့်မြင်တိုင်ကမ်းနားဈေး စုပေါင်းမဟာဘုံကထိန်ပွဲတော်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၈**

ရိုးရာမပျက်နှစ်စဉ်ကျင်းပမြဲဖြစ်သော ကြည့်မြင်တိုင်မြို့နယ် ကမ်းနားဈေး ဈေးသူဈေးသားများ၏ အကြိမ်(၂၀)မြောက် မဟာဘုံကထိန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ကမ်းနားဈေးမဟာဘုံကထိန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဈေးသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌဦးအေး(ခ)ဦးစိန်အေးသောင်း၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မဟာဘုံကထိန်ပွဲတော် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်စိုး၊ အတွင်းရေးမှူး ဦးထွန်းထွန်းဦးနှင့် ကော်မတီဝင်များက နိုဝင်ဘာ၁၁ရက်တွင် မြို့နယ်အတွင်းရှိ ရပ်ကွက်များအတွင်း လှည့်လည်အလှူငွေကောက်ခံခြင်း၊ နိုဝင်ဘာ ၂၁ ရက်တွင် သာသနတက္ကသိုလ မဟာဓမ္မာစရိယ ဘဒ္ဒန္တကောသလ္လ(M.A Buddhism)၊ နိုဝင်ဘာ ၂၂ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ (AGTI Civil)၊ နိုဝင်ဘာ ၂၃ ရက်တွင် အရှင်ပညာဇောတ ဓမ္မာစရိယ(B.A)၊စွန်းလွန်းကျောင်းတိုက်ခွဲ အင်းစိန်သဲဖြူတောရဆရာတော်(မှော်ဘီ)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားဒေသနာတော်များကို ဟောကြားခြင်းနှင့် နိုဝင်ဘာ ၂၅ ရက်တွင် စုပေါင်းပဒေသာပင်များကို မြို့နယ်အတွင်း လှည့်လည်၍ ကြည့်မြင်တိုင်တစ်ဖက်ကမ်း အေးရွာအနောက်ရပ်ကွက် ရတနာပုံတိုက်ကျောင်းသို့ ပို့ဆောင်လှူဒါန်းမည်ဟုသိရသည်။**(က-ပ)**

# မြစ်ကြီးနားမြို့နယ်အသင်း ကထိန်သင်္ကန်းကပ်လှူပွဲ

**ရန်ကုန် နိုဝင်ဘာ ၈**

မြစ်ကြီးနားမြို့နယ်အသင်း(ရန်ကုန်)၏ ကထိန်သင်္ကန်းကပ်လှူပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျောက်စိမ်းတွင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ပင့်သံဃာ ၁၉ ပါးတို့အား ကထိန်သင်္ကန်းကပ်လှူပြီး ပညာရည်ချွန်ဆုချီးမြှင့်ရန် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရရှိသူများစာရင်းကို နိုဝင်ဘာ ၁၅ ရက် နောက်ဆုံးထားစာရင်းပေးပို့ရန်နှင့် ကျောက်စိမ်းတွင်းဓမ္မာရုံကြီး အသစ်ပြန်လည်ပြုပြင်ရန်အတွက် ဒေါ်တင်တင်ညွှန့် ဖုန်း-၅၅၅၅၂၉၊ ဒေါက်တာနန်းလှမြိုင် ဖုန်း-၃၇၄၂၀၃၊ ဒေါ်ဘေဘီ ဖုန်း-၀၉-၈၀-၃၃၄၆၃၊ ဒေါက်တာအေးအေးရီ ဖုန်း-၂၄၀၅၃၂၊ ဦးမောင်ကြီး ဖုန်း-၀၉-၉၉-၂၃၁၁၈နှင့် ဦးအုန်းရွှေ ဖုန်း-၆၈၀၇၁၉၊ ၆၈၀၇၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ယင်းနေ့တွင် နံနက်စာအဖြစ် ပြည်နယ်ဟင်းလျာများဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



## ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ် ၇၀ (အေ)နေ ဒေါ်လှခိုင် ကုမ္မာရီမိသားစုတို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်း ငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)**

# စတုဘုမ္မိကမဂ္ဂင်ရိပ်သာ (၄၅)ကြိမ်မြောက် ကထိန်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၈**

သဃ်န်းကျွန်းမြို့နယ် ဓ/မြောက်ရပ်ကွက် ပြည်သာယာလမ်း စတုဘုမ္မိကမဂ္ဂင်ရိပ်သာ ပဓာန နာယကဆရာတော်ဘဒ္ဒန္တကုမာရအား အမှူးထား၍ တပည့်သာဝကအပေါင်းတို့က ဆရာတော် သံဃာတော် ၅၅ ပါး၊ သီလရှင်အပါး ၂၀ တို့အား ဆွမ်း၊ သင်္ကန်း၊ ထီး၊ဖိနပ်၊ မျက်နှာသုတ်ပဝါ အစရှိသော လှူဖွယ်ဝတ္ထုတို့ကို လာမည့် တန်ဆောင်မုန်းလဆန်း၁၄ရက် (နိုဝင်ဘာ၂၅ရက်) ကြာသပတေးနေ့ နံနက် ၈ နာရီခွဲတွင် ကထိန်သင်္ကန်းဆက်ကပ်ပွဲကျင်းပမည်ဖြစ်ရာ အလှူရှင်များကိုယ်တိုင် ကြွရောက်ကြရန်နှင့် လှူဒါန်းလိုပါက ကထိန်ပွဲကျင်းပရေးကော်မတီလူကြီးများဖြစ်ကြသော ဦးကျော်သိန်း ဖုန်း-၅၇၂၈၅၉၊ ဦးအေးဖေ ဖုန်း-၅၇၉၁၂၉နှင့် ဦးဝင်းကြိုင် ဖုန်း-၅၇၁၉၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

# ရခိုင်တန်ဆောင်းအသင်း ကထိန်ကပ်လှူမည်

**ရန်ကုန် နိုဝင်ဘာ ၈**

ရွှေတိဂုံစေတီတော် စနေထောင့်ရှိ ရခိုင်တန်ဆောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းကြီးက ကြီးမှူး၍ ရွှေတိဂုံ စေတီတော် စနေထောင့်ရခိုင်တန်ဆောင်း၌ နိုဝင်ဘာ ၁၃ ရက်(စနေနေ့) နံနက် ၈နာရီခွဲတွင်သတ္တမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကြီးကို ကထိန်ခံကျောင်းနှင့် ဧည့်ဝတီ ဆရာတော်ကြီးများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# မြန်မာ့ရုပ်မြင်သံကြား

**၉-၁၁-၂၀၀၄(အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၀ | ၅။ | ကဗျာပန်းဥယျာဉ် |
| ၈:၀၅ | ၆။ | နှောင်းခေတ်တေးပဒေသာ |
| ၈:၁၅ | ၇။ | အတီးပြိုင်ပွဲ |
| ၈:၂၅ | ၈။ | ဆပ်သွားတံတား |
| ၈:၃၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | Let's Go. |
| ၉:၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | English for Everyday Use |
| ၁၆:၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇:၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ) |
| ၁၇:၁၅ | ၆။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၁၇:၃၀ | ၇။ | ခံစားနားဆင်တေးဓာတ်ဝင် |
| ၁၇:၄၀ | ၈။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၁၈:၁၅ | ၉။ | နိုင်ငံခြား ကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၄၀) |
| ၁၈:၃၀ | ၁၀။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၂။ | မြန်မာစာ၊ မြန်မာစကား |
| ၁၉:၂၀ | ၁၃။ | သားငါးဖွံ့ဖြိုးပြည့်အကျိုး |
| ၁၉:၃၅ | ၁၄။ | ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၂၀:၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း-၁၁) |
| | ၁၉။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၀။ | အစီအစဉ်ပြီး၏။ |

# တက္ကသိုလ် သချာမိသားစု အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၈**

သချာကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၄ ရက် (စနေနေ့)နံနက်၉နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ အားလုံးတက်ရောက်ကြရန်နှင့် ဒေါက်တာ ခင်အေးအေး ဖုန်း-၇၂၀၂၄၀၊ ဒေါက်တာမဝင်းကြည်ဖုန်း-၅၇၂၁၉၉၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၀၁၉၃၁၁၊ ဦးချိုဝင်း ဖုန်း-၀၉-၅၀၁၆၀၉၀၊ ဦးကျော်မြင့် (သိပ္ပံကျော်) ဖုန်း-၂၈၇၆၀၆၊ ဦးကြည်ဝင်း (ဆန္ဒမွန်) ဖုန်း-၀၉-၅၀-၁၁၃၇၇၊ ဦးကျော်မင်းလှိုင် ဖုန်း-၀၉-၅၀၀၄၇၈၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# စိန့်ဂျွန်းကျောင်းသားဟောင်းများ ကထိန်သင်္ကန်းဆက်ကပ်မည်

**ရန်ကုန် နိုဝင်ဘာ ၈**

အထက(၁)လမ်းမတော် စိန့်ဂျွန်းကျောင်းသားဟောင်းများ၏ ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို နိုဝင်ဘာ ၁၃ ရက်(စနေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ အသင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် သင်္ကန်းနှင့် အလှူငွေများလှူဒါန်းလိုသူများသည် အသင်းအတွင်းရေးမှူး ဦးမျိုးဝင်းတင် ဖုန်း-၂၄၀၁၀၄၊ ဦးတင်ထွန်း ဖုန်း-၂၁၁၆၇၁၊ ဦးလှမင်း ဖုန်း-၅၁၀၄၁၈၊ ဦးငွေသိန်း ဖုန်း-၅၀၁၆၈၆ နှင့် ဦးစိုးအောင် ဖုန်း-၅၁၂၃၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ပိုလ်ကျစိုးမိုးမှုကို တရုတ်နိုင်ငံမည်သည့်အခါမျှ လုပ်ဆောင်မည်မဟုတ် အာဆီယံဒေသဆိုင်ရာ ဖိုရမ်၌တရုတ်ဝန်ကြီးချုပ် အာမခံပြောကြား

ပေကျင်း နိုဝင်ဘာ ၇

**တရုတ်နိုင်ငံသည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်သော်ငြားလည်း မည်သည့်အခါမျှ ဗိုလ်ကျစိုးမိုးမှုကို လုပ်ဆောင်မည်မဟုတ်ကြောင်း အိမ်နီးချင်းနိုင်ငံများအား တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က အာမခံချက်ပေးလိုက်ပြီး ဒေသတွင်းငြိမ်းချမ်းရေး အာမခံချက်ရှိရေးအတွက် ဆွေးနွေးကြရန် တိုက်တွန်းလိုက်သည်။**

သောကြာနေ့က ပေကျင်း၌ ကျင်းပသော အာဆီယံဒေသဆိုင်ရာ ဖိုရမ်(အေအာရ်အက်ဖ်)လုံခြုံရေးမူဝါဒညီလာခံ(အေအက်စ်ပီစီ)သို့ တက်ရောက်ကြသည့် ကာကွယ်ရေးအရာရှိများအား မိန့်ခွန်းပြောကြားရာတွင် ဝမ်ကျားပေါင်က ယင်းသို့ပြောကြားခဲ့သည်။

## ဖွံ့ဖြိုးတိုးတက်ရေး

ငြိမ်းချမ်းရေးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အာရှ-ပစိဖိတ်ဒေသအတွင်း၌ ယေဘုယျကျသော ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းဖြစ်ကြောင်း၊ စိန်ခေါ်မှုများထက် အခွင့်အလမ်းများက ပိုမိုသည်ဖြစ်ရာ ဒေသအခြေအနေမှာ တည်ငြိမ်မှုရှိကြောင်း ၎င်းကပြောကြားသည်။

တိုးတက်မှုသည် ငြိမ်းချမ်းမှုရှိရန်လိုအပ်ပြီး၊ ပူးပေါင်းဆောင်ရွက်မှုသည် ဆွေးနွေးရန် လိုအပ်သည်ဟု မစ္စတာဝမ်က ပြောကြောင်း တရုတ်လူထုဆက်သွယ်ရေးက ကိုးကားဖော်ပြသည်။

## ပြောကြား

ဆွေးနွေးပွဲမှာ အပြန်အလှန်လေးစားမှုအပေါ် အခြေခံသင့်ကြောင်း၊ တရုတ်နိုင်ငံသည် ကမ္ဘာကြီးတည်ငြိမ်ပြီး ငြိမ်းချမ်းမှုတည်မြဲစေရန် အရေးကြီးသော အင်အားတစ်ရပ်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဝမ်က ပြောကြားသည်။

**အမ်အင်အေ၊ပီတီအိုင်**

# တရုတ်-အာဆီယံ ကုန်စည်ပြပွဲ အောင်မြင် ကမ္ဘောဒီးယားဝန်ကြီးချုပ် ချီးကျူးပြောကြား

ဖနောင်ပင် နိုဝင်ဘာ ၇

**ပထမဆုံးအကြိမ် တရုတ်-အာဆီယံကုန်စည်ပြပွဲသည် အောင်မြင်ကြောင်း၊ ၂၀၁၀ပြည့်နှစ်တွင် တရုတ်နှင့်အာဆီယံအကြား ကုန်သွယ်မှုလွတ်လပ်ရေးဒေသ(အက်ဖ်တာ)ထူထောင်ရေးအတွက် အလွန်အရေးပါကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်ဆမ်ဒက်ဟွန်ဆင်က သောကြာနေ့၌ ချီးကျူးပြောကြားလိုက်သည်။**

တရုတ်နိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် တရုတ်-အာဆီယံကုန်စည်ပြပွဲမှ အပြန်တွင် အဆိုပါ ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားလိုက်သည်။

## တိုးမြှင့်

တရုတ်-အာဆီယံ၏ အက်ဖ်တာကို ထူထောင်လိမ့်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေး တိုးမြှင့်ပေးလိမ့်မည်ဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ယင်းကုန်စည်ပြပွဲကို အထူးအလေးပေးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

## အကျိုးအမြတ်

ကမ္ဘောဒီးယားနိုင်ငံသည် ယင်းကုန်စည်ပြပွဲမှ အကျိုးအမြတ်များစွာဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၌ တရုတ်နိုင်ငံနှင့် အခြားသော နိုင်ငံများမှ ခရီးသွားများနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုဆွဲဆောင်ရာတွင် ယင်းပြပွဲက အထောက်အပံ့ဖြစ်စေခဲ့ကြောင်း ဟွန်ဆင်က ပြောကြားသည်။

တရုတ်နိုင်ငံ နန်နင်း၌ ရှိနေစဉ် ဟွန်ဆင်သည် တရုတ်ဒုတိယဝန်ကြီးချုပ်ဝူရီနှင့် တာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**အိန္ဒိယနိုင်ငံ၏ တတိယအကြီးဆုံး ဆာဟာရာလေကြောင်းလိုင်းမှ လေယာဉ် တစ်စင်းကို ဟိုက်ဒါရာဘတ်၌ နိုဝင်ဘာ ၆ရက်က တွေ့ရစဉ်။** (ယင်းလေကြောင်း ကုမ္ပဏီက ပြည်တွင်း ပြည်ပ လေယာဉ်ပျံသန်းရေး ခိုင်မာစေရေးအတွက် ဒေါ်လာသန်း ၂၀ ရင်းနှီးမြှုပ်နှံမည် ဖြစ်ကြောင်း ပြောကြားသည်။) **(ဓာတ်ပုံ-အင်တာနက်)**



# ၂၁၀၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ ၁၃ ဘီလီယံထိ ရှိလာနိုင်

**နယူးယောက် နိုဝင်ဘာ ၆**

တစ်အိမ်ထောင်ကလေးနှစ်ယောက် စံနှုန်းသတ်မှတ်ချက်ကို ဇနီးမောင်နှံများသည် သတိမမူ လျစ်လျူရှုခဲ့လျှင် ကမ္ဘာကြီးသည် ၂၁၀၀ ပြည့်နှစ်တွင် လူဦးရေ ၁၃ဘီလီယံအထိ ရောက်လာနိုင်သည်။

သို့သော် ဇနီးမောင်နှံတို့သည် ယင်းစံနှုန်းသတ်မှတ်ချက်ကို လက်ခံကျင့်သုံးသွားမည်ဆိုလျှင် ကမ္ဘာ့လူဦးရေသည် ၉ ဘီလီယံဝန်းကျင်လောက်သာ ရှိလာနိုင်လိမ့်မည်ဟု ကုလသမဂ္ဂ၏ အစီအရင်ခံစာ၌ ရေးသားဖော်ပြထားသည်။

ကလေးမွေးဖွားနှုန်းသည် ဆက်လက်ကျဆင်းနေပြီး ကမ္ဘာ့လူဦးရေသည် ၉ဘီလီယံဝန်းကျင်တွင် ရပ်တည်နေခြင်းသည် အနာဂတ်အတွက်အကောင်းဆုံးဖြစ်လိမ့်မည်။ ထို့ကြောင့် နိုင်ငံတိုင်းရှိ မိခင်များသည် ကလေးနှစ်ယောက်သာရှိသင့်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာ့လူဦးရေသည် အသက်အရွယ်အလိုက် လျင်မြန်စွာ တိုးပွားလျက်ရှိသည်။ လူလတ်ပိုင်းအရွယ်အသက် (၂၆)နှစ်မှ(၅၀)ထိလူဦးရေသည် ၂၁၀၀ ပြည့်နှစ်ထိ ဆက်လက် တိုးပွားနေမည် ဖြစ်သည်။ **အမ်အင်အေ၊ပီတီအိုင်**

# တရုတ်မယ်စကြာဘွဲ့ မလေးရှားမယ်ဆွတ်ခူး

ဟောင်ကောင် နိုဝင်ဘာ ၇

**မလေးရှားနိုင်ငံမှ အသက်(၁၉)နှစ်အရွယ်ရှိ လီအက်စ်ဇီကိသည် စနေနေ့ညနေက ဟောင်ကောင်၌ ကျင်းပသည့် တရုတ်မယ်စကြာပြိုင်ပွဲ၂၀၀၄တွင် မယ်စကြာဘွဲ့ကို ဆွတ်ခူးရရှိသွားသည်။**

အဆိုပါပြိုင်ပွဲကို ဟောင်ကောင်ဖီးနစ်တီဗွီမှ တာဝန်ယူထားသည်။ပေကျင်းမှ အသက်(၂၂)နှစ်အရွယ်ရှိ ရန်ကျီနှင့်ကနေဒါမှအသက်(၂၀)အရွယ်ရှိ ရင်ယုတို့သည်လည်း ပထမနှင့်ဒုတိယအသီးသီးရရှိသွားကြသည်။

ယခုနှစ်တွင် တရုတ်မယ်စကြာပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သူပေါင်း၉၃၃၆ ဦးရှိခဲ့ကြောင်း၊ ယခင်နှစ် ပထမဆုံးအကြိမ် ဟောင်ကောင်မယ်စကြာပြိုင်ပွဲထက် ၃၀ရာခိုင်နှုန်း တိုးလာကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲဝင်များအနက်မှ ၂၀ဦးသည် နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဟောင်ကောင်၌ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ယင်း၂၀ဦးအနက် တရုတ်ပြည်မကြီးမှ ၁၃ဦးပါဝင်သည်။ အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်၊ ဂျာမနီ၊ ကနေဒါ၊ မလေးရှားနှင့်ဟောင်ကောင်တို့မှလည်း ယင်းနောက်ဆုံး မယ်စကြာပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# တရုတ်နှင့်ထိုင်း ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်

ဗန်ကောက် နိုဝင်ဘာ ၆

**တရုတ်နိုင်ငံ ဟီနန်ပြည်နယ်နှင့် ထိုင်းနှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုအား နှစ်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် ထပ်မံတိုးချဲ့လုပ်ဆောင်သွားရန် မျှော်လင့်ကြောင်း ထိုင်းဒုတိယဝန်ကြီးချုပ်က သောကြာနေ့၌ ပြောကြားသည်။**

သောကြာနေ့က ကျင်းပခဲ့သည့် ဟီနန်-ထိုင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ၂၀၀၄တွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က ထိုင်းစီးပွားရေးလုပ်ငန်းများအနေဖြင့် တရုတ်နိုင်ငံ ဟီနန်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့သည်ကို ချီးမွမ်းပြောဆိုသွားသည်။

## ပြောဆို

အဓိကကျွန်းပြည်နယ် တစ်ခုအနေဖြင့် ဟီနန်ပြည်နယ်သည် ၁၉၈၇ ခုနှစ်ကတည်းက ပျမ်းမျှ ကုန်ထုတ်လုပ်မှု ပမာဏဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ၁၀ဒသမ ၈၅ရာခိုင်နှုန်းရရှိအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်ဟုဟီနန်ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဝမ်မင်းယီက ပြောဆိုသည်။

ထိုင်းနိုင်ငံသည် ဟီနန်ပြည်နယ်၏ အဓိကကုန်သွယ်မှု မိတ်ဖက် နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု နိုင်ငံဖြစ်ကြောင်း၊ ၂၀၀၃ ခုနှစ်ကုန်တွင် နှစ်နိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် (အမေရိကန်ဒေါ်လာ ၈၈သန်း)အထိရှိခဲ့ကြောင်း၊ ထို့ကြောင့် ပြီးခဲ့သောနှစ်များနှင့်ယှဉ်လျှင် ၉၀ ရာခိုင်နှုန်းတိုးတက်ခဲ့သည်ဟု ဝမ်က ဆိုသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများသည် ဟီနန်ပြည်နယ်တွင်(အမေရိကန်ဒေါ်လာသန်း၃၂၀)ခန့်ရင်းနှီးမြှုပ်နှံခဲ့သည်။ ကုန်စည်ပြပွဲ၌ ဟီနန်ပြည်နယ်နှင့် ထိုင်းနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှု သုံးခုအား လက်မှတ်ရေးထိုးခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဆက်သွယ်ရေး ပို့ကုန်ပစ္စည်းပြပွဲတွင် အသစ်တီထွင် ထုတ်လုပ်ထားသော မိုဘိုင်းလ်ဖုန်းကို ဝန်ထမ်းတစ်ဦးက ပြသနေစဉ်။** (တရုတ်နိုင်ငံသည် ယခုနှစ် ဩဂုတ်လကုန်တွင် မိုဘိုင်းလ်ဖုန်း အသုံးပြုသူ ၃၁၅သန်းရှိကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

# စင်ကာပူအလုပ်သမားများ အဆင့်မြှင့်တင်ကြိုးစားရန် ဝန်ကြီးချုပ် လီရှင်လွန်း တိုက်တွန်းပြောကြား

စင်ကာပူ နိုဝင်ဘာ ၆

**စင်ကာပူအလုပ်ရှင်နှင့် အလုပ်သမားများအားပြိုင်ဆိုင်မှု၏ ရှေ့၌တည်ရှိနေစေရန် ယင်းတို့ကိုယ်တိုင် အဆင့်မြှင့်ကြရမည်ဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှင်လွန်းက သောကြာနေ့တွင် ပြောကြားလိုက်သည်။**

## တည်ဆောက်

မိမိအနေဖြင့် အလုပ်ရှင်နှင့် အလုပ်သမားအားလုံးအား ဘဝတစ်လျှောက်လုံး လေ့ကျင့်မှုနှင့် သင်ယူမှုပြုလုပ်စေလိုကြောင်း၊ စင်ကာပူလုပ်အား တန်ဖိုးအတွက် ထူးခြားထင်ရှားသော ယှဉ်ပြိုင်မှုများအဖြစ် တည်ဆောက်ကြစေလိုကြောင်း၊ ယခုနှစ်သည် စင်ကာပူနိုင်ငံ၏ သင်ယူရေးပွဲတော်ဖြစ်ကြောင်း လီက ပြောကြားသည်။

## လိုအပ်

စင်ကာပူကျွန်းနိုင်ငံ၏ လုပ်အားသည် ယှဉ်ပြိုင်မှု၏ရှေ့၌ တည်ရှိနေရန် လိုအပ်ကြောင်း၊ အလုပ်သမားများသည် ကျောင်း၌ သင်ယူခဲ့သည့် ကျွမ်းကျင်မှုများအပေါ် မှီခိုနေ၍မရကြောင်း၊ လက်တွေ့နယ်ပယ်လုပ်ငန်းခွင်တွင် ကျွမ်းကျင်မှုရအောင်ကြိုးစားရမည်ဖြစ်ကြောင်း၊ သင်ယူခြင်းသည် ကျောင်းပြီးသည့်နောက်တွင် အိမ်၌ဖြစ်ဖြစ်၊ လုပ်ငန်းခွင်၌ဖြစ်ဖြစ် အမြဲမပြတ် ဆက်လက် ကြိုးစားသင်ယူသွားရမည်ဖြစ်ကြောင်း လီကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



# ဘဂ္ဂဒက် နိုင်ငံတကာလေဆိပ်သို့ သွားရာလမ်းပေါ်တွင်
# ကန်စစ်ယာဉ်တန်းအနီး ကားဗုံးပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် နိုဝင်ဘာ ၇

**ဘဂ္ဂဒက်မြို့ နိုင်ငံတကာလေဆိပ်သို့သွားရာ လမ်းမကြီးပေါ်တွင် ကားဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အီရတ်တစ်ဦးသေဆုံးပြီး အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး ဒဏ်ရာရခဲ့သည်ဟု အမေရိကန်စစ်ဘက်အရာရှိများက စနေနေ့၌ ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြထားသည်။**

ထိုကားဗုံးပေါက်ကွဲမှုကြောင့် အနီးရှိ အီရတ်တစ်ဦးသေဆုံးပြီး အခြားတစ်ဦးလည်း ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်အရာရှိများက ပြောကြားသည်။

**ပေါက်ကွဲ**

ဘဂ္ဂဒက်အနောက်ပိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ယာဉ်တန်းရောက်ရှိစဉ် ကားဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးကို နိုင်ငံပေါင်းစုံတပ်ဖွဲ့ ဆေးရုံသို့ တင်ပို့ခဲ့ရသည်။ ပေါက်ကွဲမှုမှာ ညနေ ၂နာရီ မိနစ် ၄၀၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသော အီရတ်အမျိုးသမီးမှာ ဒဏ်ရာပြင်းထန်ကြောင်း အနီးရှိဆေးရုံမှ ဆရာဝန် ကာဆင်မ်မူဟာမက်က ပြောကြားသည်။

**ထိမှန်ခံရ**

နောက်ထပ်ပေါက်ကွဲမှုများကို အီရတ်အစိုးရ အဆောက်အအုံများနှင့် အမေရိကန်သံရုံးရှိရာ ဘဂ္ဂဒက်အစိမ်းရောင်ဒေသမှ ကောင်းစွာကြားရသော်လည်း အမြောက်ကျည်ဆန်များ ထိမှန်ခြင်းခံရကြောင်း၊ ပျက်စီးမှုများရှိကြောင်း ချက်ချင်း မသိရဘဲရှိသည်။

**(အင်တာနက်)**

**စစ်ဆေးမေးမြန်း**

**ဘဂ္ဂဒက်မြို့အနီးသို့ရွှေ့ပြောင်းလာသည့် ဗြိတိသျှတပ်ဖွဲ့မှတပ်ဖွဲ့ဝင် တစ်ဦးက စခန်းအနီးသို့ ချဉ်းကပ်လာသော အီရတ်တစ်ဦးအား စစ်ဆေးမေးမြန်းနေသည်ကို နိုဝင်ဘာ ၇ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ဖော်လူဂျာကိုတိုက်လျှင် အီရတ်တို့ ပိုမိုဒေါသထွက်မည်
# အမေရိကန်နှင့် ဗြိတိန်တို့အား ကိုဖီအာနန် သတိပေး

ကုလသမဂ္ဂ နိုဝင်ဘာ ၇

**ဖော်လူဂျာမြို့ကို တိုက်ခိုက်ခြင်းသည် အီရတ်တို့အား ပိုမိုဒေါသဖြစ်စေပြီး စီစဉ်ထားသော ဇန်နဝါရီလ ရွေးကောက်ပွဲများ ပျက်စီးသွားနိုင်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် အီရတ်တို့ကို သတိပေးထားကြောင်း ကုလသမဂ္ဂအရာရှိများက သောကြာနေ့၌ ပြောကြားသည်။**

အီရတ် ခုခံတိုက်ခိုက်ရေးပြောက်ကျားတို့ ထိန်းချုပ်ထားသည့် ဖော်လူဂျာမြို့နှင့်ပတ်သက်၍ အာနန်၏ သတိပေးချက်ကို အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၊ ဗြိတိသျှ ဝန်ကြီးချုပ် တိုနီဘလဲနှင့် အီရတ်ဝန်ကြီးချုပ် အီယက်ဒ် အလာဝီတို့ထံ ပြီးခဲ့သည့် သီတင်းပတ်ကုန်၌ ပေးပို့ခဲ့ကြောင်း အရာရှိများက ပြောကြားသည်။

**သတိပေး**

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အရပ်သားများအား ဖော်လူဂျာမြို့မှ လွတ်ရာသို့ ရှောင်တိမ်းကြရန် တိုက်တွန်းပြီး လေကြောင်းမှ စတင်တိုက်ခိုက်ချိန်တွင် ကိုဖီအာနန်၏ သတိပေးချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အီရတ်ရှိ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် အင်အားသုံးပြီး ဖော်လူဂျာမြို့အား ပြန်သိမ်းယူရန် ယခုအခါ စူးစိုက်လုပ်ဆောင်လျက်ရှိသည်။

**အမ်အင်အေ၊ရိုက်တာ**

**နိုင်ငံတကာသတင်းများ**

# ဘဂ္ဂဒက်၌ ကားဗုံးပေါက်ကွဲ

ဘဂ္ဂဒက် နိုဝင်ဘာ ၇

**ဘဂ္ဂဒက်ရှိ အီရတ်ဘဏ္ဍာရေးဝန်ကြီး၏ အိမ်အနီးတွင် ကားဗုံးတစ်လုံး တနင်္ဂနွေနေ့က ပေါက်ကွဲခဲ့ရာ အစောင့်တစ်ဦး သေဆုံးသွားကြောင်း အရာရှိများက ပြောကြားသည်။**

**ဗုံးပေါက်ကွဲမှုသည် ကာရာဒါ အရပ်ရှိ ဘဏ္ဍာရေးဝန်ကြီး၏ အိမ်အနီး၌ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ အက်ဒ်နန်အဗ္ဗဒူရာမန်က ပြောကြားသည်။ ဝန်ကြီး အဗ္ဗဒယ်မာဒီအသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း အီရတ် ဦးစီးကောင်စီအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟေသမ်အယ်လ်ဟူစိန်နီက ပြောကြားသည်။** (အင်တာနက်)

# ကန်တို့ သေဆုံးခြင်းနှင့် ပျက်စီးခြင်းတို့ကိုသာယူဆောင်လာ
# ဘုရှ်သည် ကျူးကျော်သူသာဖြစ်ကြောင်း အီရတ်တို့ပြောကြား

ဘဂ္ဂဒက် နိုဝင်ဘာ ၇

**အမေရိကန်တပ်များက ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားခဲ့ချိန်တွင် သမ္မတဘုရှ်က ကတိပေးခဲ့သော ရောင်ခြည်သစ်ကို ဆောင်ယူပေးရန် သမ္မတအဖြစ် ပြန်လည်အရွေးခံရသည့် သမ္မတဂျော့ဒဗလျူဘုရှ်အား အီရတ်တို့က ကြာသပတေးနေ့၌ စိန်ခေါ်လိုက်သည်။**

ဘုရှ်သည် လွတ်လပ်ရေးနှင့် ဒီမိုကရေစီအကြောင်းကိုပြောသော်လည်း အမေရိကန်အားလုံးသည် သေဆုံးခြင်းနှင့် ပျက်စီးခြင်းကိုသာ ယူဆောင်လာကြောင်း၊ မိမိတို့၏ လျှပ်စစ်ဘယ်မှာနည်း၊ မိမိတို့၏ ရေနံမှရသောဝင်ငွေဘယ်မှာနည်း၊ ဘုရှ်သည် ကျူးကျော်သူသာဖြစ်ကြောင်း ဘဂ္ဂဒက်မှ အီရတ်ပြည်သူများက ပြောကြားသည်။

**အကြီးမားဆုံး**

၎င်းတို့က ဆက်ဒမ်ကို ရာဇဝတ်ကောင်တစ်ဦးဟု ခေါ်ကြသော်လည်း ဘုရှ်သည် ကမ္ဘာတွင် အကြီးမားဆုံး ရာဇဝတ်ကောင်နှင့် အကြမ်းဖက်သမားဖြစ်ကြောင်း ဘဂ္ဂဒက်မြို့လယ် ကာရာဒါဒေသ၌ သားငါးရောင်းသူတစ်ဦးက ပြောကြားသည်။

**မူဝါဒ**

ဘုရှ်အား ဒုတိယအကြိမ်ထပ်မံ ရွေးချယ်ခြင်းသည် အီရတ်တို့အတွက် ဒုက္ခအကျပ်အတည်းဖြစ်စေကြောင်း၊ အထူးသဖြင့် ဖော်လူဂျာရှိ ပြည်သူများအတွက်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အီရတ်တို့အား သတ်ဖြတ်ခြင်းနှင့် ဖျက်ဆီးခြင်းဟူသော ၎င်း၏မူဝါဒကို ဆက်လက်လုပ်ဆောင်မည်ဖြစ်၍ ဖြစ်ကြောင်း အီရတ်တစ်ဦးက ပြောကြားသည်။

**မပျော်ရွှင်နိုင်**

ဂျွန်ကယ်ရီ အနိုင်ရရှိလျှင်လည်း ဆက်လက်သိမ်းပိုက်ထားမြဲ ရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် မည်သည့်နည်းနှင့်မျှ မပျော်ရွှင်နိုင်ကြောင်း၊ ကျူးကျော်ထားမှုများ ပြီးဆုံးမှသာ မိမိပျော်ရွှင်နိုင်မည်ဖြစ်ကြောင်း ကယ်ကွတ်မြို့မှ အီရတ်တစ်ဦးက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

## ကားဗုံးကွဲ၍ သေဆုံးခဲ့သော အီရတ်စကားပြန် သေဆုံးသည့်နေ့တွင် လက်ထပ်ရန် အစီအစဉ်ရှိခဲ့

**ဘဂ္ဂဒက် နိုဝင်ဘာ ၇**

ဗြိတိသျှတပ်ဖွဲ့ဝင်များအား အသေခံဗုံးခွဲတိုက်ခိုက်ရာတွင် သေဆုံးသွားခဲ့သည့် အီရတ်စကားပြန်သည် နောက်နာရီအနည်းငယ်အကြာ၌ လက်ထပ်ရန် အစီအစဉ်ရှိခဲ့ကြောင်း စကော့အခြေစိုက်တပ်ရင်းမှ တပ်ရင်းမှူးက ပြောကြားသည်။

**ဖော်ပြ**

မိမိတို့ အီရတ်သို့ ရောက်ရှိခဲ့ချိန်ကစပြီး ဘလက်ခ်ဝပ်ချပ်သို့ အီရတ်စကားပြန် ရောက်ရှိလာခဲ့ပြီး တပ်ဖွဲ့ဝင်များနှင့် ရင်းနှီးမှုရှိခဲ့ကြောင်း အတိုက်ခံရပြီး သောကြာနေ့၌ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

၎င်းသည် အီရတ်မြောက်ပိုင်းသို့ မိမိတို့နှင့်အတူ လိုက်ပါခဲ့ပြီး ကျင်းပရန်စီစဉ်ထားခဲ့သော သူ၏ လက်ထပ်မင်္ဂလာပွဲသည် ဘဂ္ဂဒက်အနီးရှိ အန္တရာယ်ရှိသော ဒေသသို့ ဗြိတိသျှတပ်ဖွဲ့ဝင်များရွှေ့ပြောင်းသည့် အစီအစဉ်ကြန့်ကြာမှုကြောင့် လက်ထပ်မင်္ဂလာပွဲလည်း ကြန့်ကြာခဲ့ရပြီး သူသေဆုံးခဲ့ခြင်းဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။ လုံခြုံရေး အခြေအနေကြောင့် သူ၏အမည်ကို မဖော်ပြဘဲ ထားသည်။

အသေခံကားဗုံးခွဲမှုကြောင့် ဗြိတိသျှ တပ်ဖွဲ့ဝင်သုံးဦးနှင့် အီရတ်စကားပြန်တို့ ကြာသပတေးနေ့၌ သေဆုံးခဲ့ကြရသည်။ **အမ်အင်အေ၊ရိုက်တာ**



**ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အိမ်တစ်လုံးကို နိုဝင်ဘာ ၇ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# မိုဆူးလ်မြို့အနီး လမ်းဘေးဗုံးပေါက်ကွဲ
# အမေရိကန်စစ်ယာဉ်တစ်စီးပျက်စီး၊ တူရကီယာဉ်မောင်းသေဆုံး

မိုဆူးလ် နိုဝင်ဘာ ၇

**အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့အနီးတွင် အမေရိကန်တပ်ဖွဲ့ဝင်များ အစောင့်အရှောက် လိုက်ပါလာသော မော်တော်ယာဉ်တန်းတစ်ခုကို လမ်းဘေးဗုံးဖောက်ခွဲ တိုက်ခိုက်ရာ တူရကီ လောင်စာဆီတင်ယာဉ်နှစ်စီးပျက်စီးခဲ့ပြီး တူရကီယာဉ်မောင်း တစ်ဦးလည်း သေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။**

အဆိုပါ လမ်းဘေးဗုံးဖောက်ခွဲ တိုက်ခိုက်မှုမှာ မိုဆူးလ်မြို့ တောင်ဘက် သုံးမိုင်အကွာခန့်တွင်ဖြစ်ပြီး စနေနေ့နံနက် ၈နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဗုံးဖောက်ခွဲသည့် နေရာမှာ ဘဂ္ဂဒက်မြို့နှင့် ဆက်သွယ်ထားသည့် အဝေးပြေးလမ်းမကြီးပေါ်တွင် ဖြစ်သည်။

## ပျက်စီး

ထိုသို့ မော်တော်ယာဉ်တန်းကို ဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ သို့ရာတွင် အမေရိကန် စစ်ဘက်ကုန်တင်ယာဉ်တစ်စီး ပျက်စီးမီးလောင်ခဲ့ရကြောင်း အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

## အသုံးပြု

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ အမေရိကန် စစ်အခြေစိုက်စခန်းများမှာ အိမ်နီးချင်း တူရကီနိုင်ငံမှ လောင်စာဆီနှင့် အခြားအထောက်အကူပြု ကုန်တင်ယာဉ်များကို အားထားအသုံး ပြုနေရသည်။

**အမ်အင်အေ၊ရိုက်တာ**




# အီရတ်နိုင်ငံ တြိဂံဒေသတွင် ဗုံးဖောက်ခွဲမှုများနှင့် စိန်ပြောင်း၊ ဒုံးကျည်များဖြင့် တိုက်ခိုက်မှုများဖြစ်ပွား လူ ၃၀ကျော် သေဆုံး၊ ၆၀ကျော် ဒဏ်ရာရခဲ့

ဖော်လူဂျာ နိုဝင်ဘာ ၇

**အီရတ်နိုင်ငံရှိ တြိဂံဒေသတွင် စနေနေ့၌ အသေခံဗုံးခွဲမှုများဖြစ်ပွားခဲ့ရာတွင် လူ ၃၀ကျော် သေဆုံးပြီး၊ ၆၀ကျော် ဒဏ်ရာရခဲ့ကြောင်း သိရသည်။ ဖော်လူဂျာမြို့အား အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များက တိုက်ခိုက်ရန် ပြင်ဆင်နေချိန်တွင် ယင်းသို့အသေခံဗုံးခွဲတိုက်ခိုက်မှုများ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။**

## တိုက်ခိုက်

ဘဂ္ဂဒက်အနောက်ဘက် မိုင် ၆၀၌ရှိသော ရာမာဒီမြို့တွင် အမေရိကန် စစ်ယာဉ်တန်းကို အသေခံ ဗုံးခွဲသူတစ်ဦးက ကားဖြင့် အတင်းဝင်ရောက်တိုက်ခိုက်ခဲ့ရာ ဒဏ်ရာရသူများတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၆ဦးထက် မနည်းရှိသည်ဟု အမေရိကန် အရာရှိများက ပြောကြားသည်။

## သေဆုံး

စနေနေ့ နံနက်ပိုင်း၌ လူအသေအပျောက်များသော အကြမ်းဖက်တိုက်ခိုက်မှုများ ဘဂ္ဂဒက်မြောက်ဘက် ၆၅ မိုင်ခန့်ရှိ ဆာမာရာမြို့တွင် ဆက်တိုက် ဖြစ်ပွားခဲ့ရာ၌ လူ ၃၀ခန့်သေဆုံးခဲ့သည်။ ထိုသေဆုံးသူများအနက် ထက်ဝက်ကျော်မှာ ရဲစခန်းများကို စိန်ပြောင်းများ၊သို့မဟုတ် မြေပြင်တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့သော အီရတ်ရဲအရာရှိများဖြစ်ကြသည်။

## ဒဏ်ရာရ

နံနက် ၉နာရီခွဲ ၌ ဆာမာရာရှိ မြို့တော်ဝန်ရုံးအနီးသို့ ချဉ်းကပ်လာသော အခိုးခံထားရသည့် အီရတ်ရဲအဖွဲ့၏ ထရပ်ကားကို အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့ရာမှ ကားအတွင်းရှိ ကားဗုံးပေါက်ကွဲခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရခဲ့သည်။

## ကြေညာ

ထို့နောက် နာရီဝက်အကြာ၌ ဆာမာရာအရှေ့ဘက်တွင် ကင်းလှည့်နေသော အမေရိကန်နှင့် အီရတ် ကင်းလှည့်တပ်ဖွဲ့အနီး၌ ကားဗုံးပေါက်ကွဲခဲ့ပြီး ဈေးတစ်ခုကို စိန်ပြောင်းကျည်တစ်လုံး ထိမှန်ခဲ့သည်။ အမေရိကန် စစ်ဘက်က ဘဂ္ဂဒက်၊ ကယ်ကွတ်၊ ဘာဆာရာနှင့် ဆာမာရာမြို့များ အနီးတွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများရှိနေကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

## ပေါက်ကွဲ

ဘဂ္ဂဒက်အနောက်ပိုင်း၌ စစ်ယာဉ်တန်းအနီး လမ်းဘေးဗုံး ပေါက်ကွဲခဲ့ရာတွင် အီရတ်အရပ်သား တစ်ဦးထက်မနည်းသေဆုံးခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရခဲ့ကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။ **(အင်တာနက်)**

# ရာမာဒီတွင် လမ်းဘေးဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၇

**သီတင်းများစွာကြာအောင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားတို့ တိုက်ပွဲများဖြစ်ပွား ခဲ့ရာနေရာဖြစ်သည့် ရာမာဒီမြို့တွင် လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် အမှတ်(၅)တပ်ရင်းမှ တပ်ဖွဲ့ဝင် ဖြစ်သူ ဗိုလ်မက်သူးလင့်ချ်(၂၅)နှစ်သည် တနင်္ဂနွေနေ့အစောပိုင်း၌ သေဆုံးသွားခဲ့သည်။**

## တတိယအကြိမ်

လင်းချ်သည် အမှတ်(၁)မရိန်း တပ်မတွင် အမှုထမ်းနေသူဖြစ်ပြီး အီရတ်၌ တတိယအကြိမ် လာရောက်အမှုထမ်းနေခြင်းဖြစ်သည်။

## ပြန်ပို့ခံရ

၎င်းသည် ၂၀၀၃ခုနှစ် မတ်လ၌ အီရတ်သို့ သမ္မတဂျော့ဒဗလျူဘုရှ်က စေလွှတ်ခဲ့သော တပ်ဖွဲ့၌ ပါဝင်ခဲ့သူဖြစ်ပြီး ၎င်း၏တပ်မအခြေစိုက်ထားသော ကာလီဖိုးနီးယားပြည်နယ်ရှိ ကင့်မ်ပင်ဒဲလ်တန်သို့ ဩဂုတ်လအတွင်း ပြန်သွားခဲ့သော်လည်း ၂၀၀၄ မတ်လ၌ အီရတ်သို့ ပြန်ပို့ခံခဲ့ရသည်။

## သေဆုံး

၎င်းသည်ဇူလိုင်လအတွင်း၌ ဒဏ်ရာရရှိသဖြင့် အမေရိကန်ပြည်ထောင်စုသို့ ပြန်ခဲ့ပြီး တတိယအကြိမ်၌ သူ၏ စိတ်ဆန္ဒအလျောက် အီရတ်သို့ ပြန်သွားခဲ့သည်။ တနင်္ဂနွေနေ့ အစောပိုင်း၌ ရာမာဒီတွင် လမ်းဘေးဗုံးပေါက်ကွဲ ထိမှန်ပြီး ၎င်းသေဆုံးခဲ့ရသည်။ **(အင်တာနက်)**



## လုံခြုံရေးစောင့်ကြပ်

**ဘဂ္ဂဒက်တွင်ကားဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာအနီး လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို နိုဝင်ဘာ ၇ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အီရတ်၌ဗုံးခွဲမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦးသေဆုံးရမှု သတင်းစာများက ရေးသားဖော်ပြ၍ ဘလဲခေါင်းခဲနေ

လန်ဒန် နိုဝင်ဘာ ၇

**အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များတာဝန်ယူခဲ့သော နေရာ၌ ပြန်လည်ဖြန့်ချထားသည့် ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦးသေဆုံးရခြင်းနှင့်စပ်လျဉ်း၍ ဗြိတိန်နိုင်ငံ၌ထုတ်ဝေသော သတင်းစာများက နိုင်ငံ၏ပူဆွေးမှု၊ ဒေါသဖြစ်မှုတို့ကို ရေးသားဖော်ပြလျက်ရှိရာ ဝန်ကြီးချုပ်တိုနီဘလဲအဖို့ ခေါင်းခဲနေရသည်။**

ဘဂ္ဂဒက်အနီး အီရတ်ခုခံတိုက်ခိုက်ရေးသမားတို့ ကြီးစိုးထားရာဒေသ၌ လွန်ခဲ့သည့် သီတင်းပတ်တွင် ပြန်လည်ဖြန့်ချထားခဲ့သော ဘလက်ခ်ဝပ်ချ်တပ်ရင်းမှ တပ်ဖွဲ့သုံးဦး အသေခံ ဗုံးခွဲတိုက်ခံရပြီးသေဆုံးခဲ့သည့် သတင်းများကို ဗြိတိန် သတင်းစာများက ဒုတိယနေ့တွင် ဆက်လက်ဖော်ပြခဲ့ကြသည်။

## ဖော်ပြ

ထိုအသေခံဗုံးခွဲတိုက်ခိုက်မှုတွင် သေဆုံးခဲ့ရသော ဖခင်ဖြစ်သူထံ ၁၂နှစ်အရွယ်သမီးဖြစ်သူကရေးသားထားသည့်မှတ်စုကို **တကယ်ပင် ထိုက်တန်ပါ၏လော မစ္စတာဘလဲ** ဟု တပ်ထားသော သတင်းခေါင်းစဉ် အောက်တွင် ဒေးလီးအိပ်စ်ပရက်စ်က ဖော်ပြခဲ့သည်။

## ရေးသား

အင်ဒီပင်းဒင့် သတင်းစာကလည်း အသေခံဗုံးခွဲခံရသူတစ်ဦးဖြစ်သည့် ပေါလ်လိုစီ၏ပုံကို အိမ်သို့ပြန်လိုသော လူငယ်လေးဟူ၍ တပ်ထားသော သတင်းခေါင်းစဉ် အောက်တွင် ရေးသားဖော်ပြသည်။

## အတည်ပြု

ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပေါလ်လိုစီနှင့်အတူ တပ်ကြပ် စတူဝပ်ဂရေး၊ စကော့မက်အာဒယ်လ်တို့အပြင် အီရတ်အရပ်သားစကားပြန်တို့ သေဆုံးခဲ့ကြောင်း သောကြာနေ့က အတည်ပြုခဲ့သည်။

**(အင်တာနက်)**



# ဆူဒန်ဓားစာခံ ပြန်လည်လွှတ်မြောက်လာ

**ခါတွမ် နိုဝင်ဘာ ၇**

အီရတ်နိုင်ငံတွင် ဓားစာခံအဖြစ် ဖမ်းဆီးခံထားခဲ့ရသော ဆူဒန်နိုင်ငံသားတစ်ဦး သောကြာနေ့ညဉ့်၌ ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း ဆူဒန်နိုင်ငံက စနေနေ့တွင် ပြောကြားသည်။ ဓားစာခံဖြစ်သူ နုရာဒင်ဇာကာရီရာသည် ကျန်းမာရေးကောင်းမွန်ကြောင်း၊ ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း ဆူဒန်နိုင်ငံ ခါတွမ်မြို့ရှိ ဆူဒန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောကြားသည်။

တည်ငြိမ်မှုကင်းမဲ့ပြီး လုံခြုံရေးအခြေအနေဆိုးရွားနေသော အီရတ်နိုင်ငံတွင် နေထိုင်ခရီးသွားခြင်းမပြုလုပ်ကြရန် ဆူဒန်အစိုးရက သတိပေးချက်ထုတ်ပြန်ထားသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ဘဝနှင့် လုံခြုံရေးအနေအထားကို အာမခံပေးရန် ခက်ခဲသောကြောင့် ဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

## မီးခိုးလုံးများတက်

**ဘဂ္ဂဒက်မြို့လယ်တွင် ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားပြီးနောက် မီးခိုးလုံးများလိုမ့်တက်နေသည်ကို နိုဝင်ဘာ၇ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# လျှပ်စစ်ဓာတ်အားလိုအပ်ချက် ပိုမိုဖြည့်ဆည်းပေးမည့် တီကျစ်ဓာတ်အားပေးစက်ရုံ

| | |
|---|---|
| တည်နေရာ | - ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် |
| အမျိုးအစား | - ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ |
| စက်တပ်ဆင်အင်အား | - ၆၀ မဂ္ဂါဝပ် ဂျင်နရေတာနှစ်လုံး |
| ထုတ်လုပ်နိုင်မည့်ဓာတ်အား | - ၁၂၀ မဂ္ဂါဝပ် |



ပင်လောင်း မြို့နယ်ရှိ ကျောက်မီး သွေးသုံးဓာတ်အား ပေးစက်ရုံ စီမံကိန်း(တီကျစ်) တည်ဆောက်ရေး လုပ်ငန်းခွင်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း မြန်မာ့အလင်း)



## တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ

ပင်လောင်းမြို့နယ်ရှိ တီကျစ် ကျောက်မီးသွေးသုံး ဓာတ်အားပေး စက်ရုံကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)



## ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်

ပင်လောင်းမြို့နယ်ရှိ ကျောက် မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း (တီကျစ်) တည်ဆောက် ရေး လုပ်ငန်း ခွင်မှ ယန္တရားများကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)




မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ၊ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်တို့ ပူးပေါင်းပြုလုပ်သည့် Workshop on Capacity Building on Integration of Energy in Rural Development Policies and Programmes ဖွင့်ပွဲ အခမ်းအနားအပြီးတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ (စွမ်းအင်)

# စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စွမ်းအင်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၈

**စွမ်းအင်ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်တို့ ပူးပေါင်းပြုလုပ်သည့် Workshop on Capacity Building on Integration of Energy in Rural Development Policies and Programmes ဖွင့်လှစ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။**

## တက်ရောက်

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ စီးပွားရေးတက္ကသိုလ်များမှ ပါမောက္ခများ၊ စွမ်းအင်ပညာရှင်များ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စာတမ်းဖတ်ကြားမည့်ပုဂ္ဂိုလ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးမှုစီမံရေးလုပ်ငန်းများတွင် စွမ်းအင်ကဏ္ဍ ပေါင်းစပ်ဆောင်ရွက်ရေးအတွက် ဖွဲ့စည်းထားသည့် အမျိုးသားစွမ်းဆောင်မှုအဖွဲ့ အဖွဲ့ဝင်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Charles James Petrie နှင့် ကုလသမဂ္ဂ၊ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်မှ ပညာရှင်ကိုယ်စားလှယ် Mr. Hongpeng Liu နှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်သည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Charles James Petrie နှင့် ကုလသမဂ္ဂ၊ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင်မှ ပညာရှင်ကိုယ်စားလှယ် Mr. Hongpeng Liu တို့က အမှာစကားများပြောကြားကြသည်။

## ဆက်လက်ကျင်းပမည်

ပထမနေ့အစီအစဉ်ကို ဆက်လက်ကျင်းပရာ ညနေ ၅ နာရီတွင် အစီအစဉ်ပြီးစီးသည်။ ဒုတိယနေ့ အစီအစဉ်ကို နိုဝင်ဘာ ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကမ္ဘောဒီးယားနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**ရန်ကုန် နိုဝင်ဘာ ၉**

၂၀၀၄ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၅၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ✻ ကျောဖုံးမှ

နာယကအဖြစ် စိတ်စေတနာ အပြည့်အဝဖြင့် အသင်းကြီး၏ လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုကဲ့သို့ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးသည့်အတွက် အားကြိုးမာန်တက်အသင်းကြီး၏ ယုံကြည်ချက်စာတမ်းအတိုင်း ပြည်သူတစ်ရပ်လုံးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုဘဝ မြှင့်တင်ရေးလုပ်ငန်းများအတွက် ဇဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊ တစ်နိုင်ငံလုံးတွင်ရှိသည့် အသင်းသူအသင်းသားများ အားလုံးနှင့်အတူ စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုကြောင်း။

မိမိတို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များသည် မွန်မြတ်သည့် စေတနာ့ဝန်ထမ်း စိတ်ဓာတ်အပြည့်အဝဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

## လမ်းညွှန်ချက်အတိုင်းလိုက်နာ

အသင်းကြီး၏လုပ်ငန်းကို ပီပီပြင်ပြင် ဆောင်ရွက်နိုင်ရန်အတွက် အသင်းအဆင့်ဆင့်မှ တာဝန်ရှိသူများ၏ မှန်ကန်သောဦးဆောင်မှု၊ ကြီးကြပ်မှုများ အမှန်တကယ်လိုအပ်ကြောင်း၊ မှန်ကန်သည့်ဦးဆောင်ကြီးကြပ်လမ်းညွှန်မှုပေးနိုင်ရန်အတွက် ယခုအသစ်ပြင်ဆင်ဖွဲ့စည်းသည့်ကိစ္စရပ်များ၊ ဥပဒေနှင့်ပတ်သက်သည့်ကိစ္စရပ်များ၊ လုပ်ထုံးလုပ်နည်းနှင့် ပတ်သက်သည့် ကိစ္စရပ်များအားလုံးကို အတွင်းရေးမှူး(၁)နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးတို့က လမ်းညွှန်ချက်ပေးသွားသည့်အတိုင်း လိုက်နာဆောင်ရွက်သွားကြရန် အထူးတိုက်တွန်းပြောကြားလိုကြောင်း။

## လက်တွဲဆောင်ရွက်

ဗဟိုကောင်စီဝင်များ အားလုံးအနေဖြင့် စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ပုဂ္ဂိုလ်များအသီးသီးပါဝင်ကြကြောင်း၊ မိမိတို့မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးသည် လူမှုရေး စေတနာ့ဝန်ထမ်းအသင်းအဖွဲ့တစ်ခုဖြစ်ပြီး နိုင်ငံတော်၏ စွမ်းအားစုတစ်ရပ်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် အများပြည်သူ အကျိုးကို စေတနာထားပြီး ဆောင်ရွက်နေသောအသင်းကြီးဖြစ်သည့်အတွက် မိမိ၏ ကိုယ်ကျိုးကို ရှေ့တန်းမတင်ဘဲ အများကောင်းကျိုးအတွက် ဆက်လက်ဦးတည်ဆောင်ရွက်သွားကြရန်၊ မိမိကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ နိုင်ငံတော်၏ လမ်းညွှန်ချက်များ၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ အားလုံးညီညွတ်စွာ လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပြည်ပဆက်ဆံရေး လုပ်ငန်းစဉ်ငါးရပ်တို့နှင့်စပ်လျဉ်း၍ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုကောင်စီဝင်များက အထွေထွေကိစ္စရပ်များကို အကြံပြုညှိနှိုင်းဆွေးနွေးတင်ပြကြပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက နိဂုံးချုပ် အမှာစကားပြောကြားကာ ညနေပိုင်းတွင် ဗဟိုကောင်စီညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ဓမ္မဂုဏ်ရည် ဆရာတော်တရားပွဲ

**ရန်ကုန် နိုဝင်ဘာ ၈**

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် မြင်းကကုန်းမြို့ ဓမ္မဂုဏ်ရည်မဟာစည်ရိပ်သာ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ၊ ဓမ္မာစရိယ မဟာစည်နယ်လှည့်ဓမ္မကထိက အရှင်ဇောတသာရ မထေရ်မြတ်သည် နိုဝင်ဘာ ၂၄ ရက်ည၌ အောင်လံမြို့နယ် နထားကျေးရွာဘုန်းတော်ကြီးကျောင်းတိုက်၌လည်းကောင်း၊ ၂၆ရက်ညတွင် အောင်လံမြို့နယ် ရွှေပန်းတောဝိပဿနာအရှေ့ကျောင်း တိုက်၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကိုဟောကြားတော်မူမည်ဟု သိရသည်။

**(က-ပ)**

# စီးပွား/ကူးသန်းဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း မလေးရှားဧည့်သည်အဖွဲ့အား လက်ခံတွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၈**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းအား မလေးရှားနိုင်ငံ The Associated Chinese Chambers of Commerce and Industry, Malaysia မှ National Council Member cum Secretary General ဖြစ်သူ Tan Sri Dato Soong Siew Hoong နှင့်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့လာရောက်တွေ့ဆုံသည်။

## တက်ရောက်

ထိုသို့တွေ့ဆုံရာသို့ ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အေး၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တာမွေဆုထူးပန်ကျောင်း ကထိန်သင်္ကန်းလှူဒါန်းမည်

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ် ၁၅ နတ်မောက်ရိပ်သာလမ်း ဆုထူးပန်ပရိယတ္တိရွှေကျင်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသလ္လာအရှင်ပဏ္ဍိတ၊ စာသင်စာချ နာယကနှင့် ပင့်သံဃာတော် အပါအဝင် သံဃာတော်ပေါင်း၂၀၀ကျော်တို့အား ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၆ ရက် (သောကြာနေ့)တွင် ကျင်းပမည် ဖြစ်ရာ သဒ္ဓါကြည်ညိုပါဝင်လှူဒါန်းလိုသူများသည် ဖုန်း ၀၁-၅၄၅၉၈၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**


# လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။

✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။

✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။

✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**

*** ရှေ့ဖုံးမှ**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

**ကော်မတီအလိုက်တင်ပြ**

ယင်းနောက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးမှာကြားရာတွင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို စီမံလျာထားချက်အတိုင်း ခမ်းခမ်းနားနား သပ်သပ်ရပ်ရပ်ဖြင့် နိုင်ငံတော်က တာဝန်ယူ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများမှာလည်း ခရီးအတော်ရောက်နေပြီဖြစ်၍ ဆပ်ကော်မတီအလိုက် တင်ပြရန်ရှိသည်များကို တင်ပြရန် ပဏာမရှင်းလင်းမှာကြားသည်။

**အချိန်မီပြီးစီးရေး**

ယင်းနောက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ညီလာခံကျင်းပမည့် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးနှင့် လိုဏ်ဂူဝန်းကျင်ပြင်ဆင်မွမ်းမံပြီးစီးမှု၊ ညီလာခံကြီးအမီ ဆက်လက်ဆောင်ရွက်ရန်ရှိသည့်လုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်နေမှုနှင့် ယခုအစည်းအဝေး၌ အဆုံးအဖြတ်ပေးရန်များကို ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်တင်ပြ**

ထို့နောက် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အခမ်းအနားပြင်ဆင်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး၊ ကြိုဆိုပို့ဆောင်ရေး၊ အစည်းအဝေးများကျင်းပရေး၊ ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများက ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေးဆိုင်ရာကိစ္စရပ်များကို လုပ်ငန်းကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

**ချောချောမောမောကျင်းပနိုင်မည်**

ထို့နောက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် မိမိတို့ဖိတ်ကြားထားသည့်အတိုင်း နိုင်ငံ ၄၀ကျော်မှ ဗုဒ္ဓဘာသာကိုယ်စားလှယ်များ တက်ရောက်လာမည်ဖြစ်ရာ ညီလာခံကြီးကို အစစအရာရာ လစ်ဟင်းမှုမရှိ အချိတ်အဆက်မိမိ အောင်မြင်စွာကျင်းပသွားနိုင်အောင် စီမံဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ ညီလာခံကြီးကျင်းပရေးအတွက် အချိန်ယူ၍ ပြင်ဆင်ခဲ့ခြင်းဖြစ်သဖြင့် နိုင်ငံတကာအဆင့်မီ ညီလာခံကြီးကို ချောချောမောမော ကျင်းပသွားနိုင်မှာ သေချာကြောင်း။

**စေတနာထားစောင့်ရှောက်**

မိမိတို့နိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ် ထွန်းကားလျက်ရှိသည့်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်လာကြမည့် နိုင်ငံအသီးသီးမှကိုယ်စားလှယ်များအား မြန်မာပီပီ ဧည့်ဝတ်ကျေကျေ စေတနာထား၍ ကြိုဆိုပြုစု စောင့်ရှောက်သွားကြရန် အရေးကြီးကြောင်း။

တိုင်းပြည်၏ ဂုဏ်သိက္ခာ၊ ဘာသာရေး၏မွန်မြတ်သော ဆုံးမမှု၊ မြန်မာလူမျိုးတို့၏ ဇာတိမာန်တို့နှင့်အညီ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ အခမ်းအနားတွင် အသုံးပြုမည့် ထေရဝါဒဗုဒ္ဓသာသနာတော်ဆိုင်ရာစာအုပ်စာတမ်းများ၊ ယပ်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ညီလာခံအထိမ်းအမှတ်ပြက္ခဒိန်၊ ရင်ထိုးတံဆိပ်နှင့် အမှတ်တရပစ္စည်းနမူနာတို့ကိုကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါလျက် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသို့သွားရောက်၍ လိုဏ်ဂူသိမ်တော်ကြီးအတွင်း စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရန် ပြုပြင်မွမ်းမံ ခင်းကျင်းပြင်ဆင်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးမှ ပြန်လည်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**



စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရန် ပြုပြင်မွမ်းမံထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ကျိုင်းတုံမြို့နယ် ယန်းပူး–ကက်ထိုက်တံတားဖွင့်ပွဲနှင့် ကက်ထိုက်ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲတက်ရောက်ချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၈

**ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးတည်ဆောက်ပြီးစီးသော ယန်းပူး–ကက်ထိုက်တံတားဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်ကြသည်။ တံတားဖွင့်ပွဲတွင် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာစိုင်းဆေးကော်နှင့် ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။**

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဒေသခံပြည်သူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များသည် တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။ အဆိုပါ ယန်းပူး–ကက်ထိုက် တံတားသည် ကျိုင်းတုံမြို့နှင့် ကက်ထိုက်ကျေးရွာ အသွားကျေးလက်လမ်းပေါ်တွင် တည်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းက ကမကထပြု၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှု၊ ဒေသခံပြည်သူတို့၏ပူးပေါင်းပါဝင်ကူညီမှုတို့ဖြင့် တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကက်ထိုက်ကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲသစ် ဖွင့်လှစ်ပွဲသို့ တက်ရောက်ချီးမြှင့်သည်။ ဖွင့်ပွဲတွင် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာစိုင်းဆေးကော်နှင့် ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးတင်စိုးတို့က ကျေးလက်ကျန်းမာရေးဌာနခွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီးနောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ကျေးလက်ကျန်းမာရေးဌာနခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ယန်းပူး–ကက်ထိုက်တံတားဖွင့်ပွဲနှင့် ကက်ထိုက်ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲ အမှတ်တရအလံများ ပေးအပ်ပွဲကို ကျေးလက် ကျန်းမာရေးဌာနခွဲရှေ့ ယာယီမဏ္ဍပ်၌ ကျင်းပရာ တိုင်းမှူး၊ ဝန်ကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ ရှေးဦးစွာ တိုင်းမှူးနှင့် ဝန်ကြီးတို့အား ဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒေသခံ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးတို့သည် ကျေးလက် ကျန်းမာရေးဌာနခွဲအသစ်အတွင်း လိုက်လံ ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကချင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေနှင့်အတွင်းရေးမှူးဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၈

**ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)ကို နိုဝင်ဘာ ၆ရက် နံနက်၉ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး ဒေါ်တင်တင်နွဲ့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ကချင်ပြည်နယ် တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့်အဖွဲ့ဝင်များ၊ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျုံနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အတွင်းရေးမှူး များနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့်ကျေးရွာစည်းရုံးရေးမှူးများ၊ အလုပ်အမှုဆောင်များ၊လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ထူးချွန်ဆုရ အသင်းဝင်များ၊ အလှူရှင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

**အမှာစကားပြော**

ရှေးဦးစွာ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဗိုလ်မှူးချုပ်သိန်းဇော်တို့က အမှာစကားအသီးသီး ပြောကြားကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက စံပြစည်းရုံးရေးမှူး ထူးချွန်ဆုရ မြစ်ကြီးနား၊ မန်စီ၊ မချမ်းဘော၊ ဖားကန့်မြို့နယ်တို့အားလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝိဇ္ဇာဘာသာတွဲနှင့် သိပ္ပံဘာသာတွဲများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးမောင်မြို့နှင့် ပြည်နယ်အသင်းအတွင်းရေးမှူး ဦးရားဝမ်ဂျုံတို့က ကြက်ခြေနီ၊ မီးသတ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် သွေးလှူရှင်ထူးချွန်ဆုရ ပုဂ္ဂိုလ်များအားလည်းကောင်း ဆုများကိုအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူရှင်များက အလှူငွေများကိုပေးအပ်လှူဒါန်းကြရာ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျုံက လက်ခံသည်။

**အလှူငွေလှူဒါန်း**

ဆက်လက်၍ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျုံက သူဌေးကုန်း–နမ္မတီးကြိုးတံတားအတွက် မတည်ထောက်ပံ့ငွေကျပ် ၁၅ သိန်းနှင့် တာလောကြီး အခြေခံပညာအထက်တန်းကျောင်းအတွက် ငွေကျပ် ၁၇ သိန်းတန်ဖိုးရှိ Language Lab တစ်စုံတို့ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများကလက်ခံကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**ဂုဏ်ပြုညစာ**

ညပိုင်းတွင် ကချင်ပြည်နယ် ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အခမ်းအနား ဂုဏ်ပြုညစာစားပွဲကိုကျင်းပရာတိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ကချင်ပြည်နယ် အထူးဒေသ(၁)နှင့် အထူးဒေသ(၂)တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဖွံ့ဖြိုးတိုးတက်နေသောမန်ပန်

မြင့်စိုး (နတလ)

## မန်ပန်သို့ သမင်လည်ပြန်

ပြီးခဲ့သည့် ဇူလိုင်လ ၂၅ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ် မန်ပန်ကျေးရွာတွင် ထိုဒေသအတွင်းရှိ ဘိန်းစိုက်ပျိုးမှုလုပ်ငန်းကို စွန့်လွှတ်ခဲ့ကြသော တောင်သူများအတွက် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာဖွံ့ဖြိုးမှုအစီအစဉ် (WFP) မှ ဆန်များထောက်ပံ့ခြင်း၊ မိမိတို့ဦးစီးဌာနက မန်ပန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူကလေးများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံး ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကျင်းပခဲ့ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေနှင့် WFP မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားကျင်းပရာ"မန်ပန်ခန်းမ"ကို ထည်ထည်ဝါဝါ တွေ့မြင်လိုက်ရသည့်ခဏ မန်ပန်သည် ကျွန်တော်၏ စိတ်အာရုံအတွင်းသို့ ဒုတိယအကြိမ်မြောက် ချဉ်းနင်းဝင်ရောက်လာခဲ့ပြန်သည်။ ၁၉၈၉-၉၀ နှစ်များဆီက ကျွန်တော်ရောက်ခဲ့ဖူးသော၊ မြင်ခဲ့ဖူးသော မန်ပန်သည် သာမန် ရွာငယ်လေးတစ်ရွာမျှသာ။ ကျောင်းမရှိ၊ ဆေးခန်းမရှိ၊ ကားလမ်းမရှိ မိရိုးဖလာတောင်ယာလယ်လုပ် အသက်မွေးဝမ်းကျောင်းကြသူများ၏ ခိုမှီးရာ၊ တစ်နည်း ဆိုရသော် လူမသိသူမသိ တောကြိုတောင်ကြားက ရွာကလေးတစ်ရွာ။

ယခုမူကား **ကျေးရွာချင်းဆက် လမ်းအဆင့်ကိုပင် ကျော်လွန်၍ လားရှိုး၊ မိုင်းရယ်၊ တန့်ယန်း စသည့် မြို့များသို့ ရာသီမရွေး သွားလာနိုင်အောင် ကားလမ်းများ ပြုပြင် ဖောက်လုပ်ခဲ့သော မန်ပန်။ ၂၄ နာရီလျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ကိုယ့်အားကိုယ်ကိုးရေအားလျှပ်စစ် ထုတ်လုပ်နိုင်အောင် ကြိုးပမ်းနေသော မန်ပန်။ မိမိတို့ကျေးရွာ အပါအဝင် ပတ်ဝန်းကျင်ဒေသတစ်ခုလုံး၏ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ မြင့်မားတိုးတက်လာစေရန် ထက်သန်သော စေတနာအရင်းခံဖြင့် လုံ့လဥဿာဟပြုနေသောမန်ပန်။ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်၊ တန်ဆောင်းများ ပြုပြင်ဆောက်လုပ်ခြင်းဖြင့် သာသနာရောင်ဝါ ထိန်ထိန်ညီးစေခဲ့သော မန်ပန်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်နေသော မန်ပန်။** ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက် ပြောင်းလဲခြင်းမက ပြောင်းလဲနေရုံမျှသာမဟုတ်သေး၊ နိုင်ငံတော်နှင့် ဒေသကို အကျိုးပြုမည့် ကျောက်မီးသွေး ရတနာသိုက်ကြီးကလည်း ပေါ်ထွက်လာပြီ။ သို့ဆိုပါလျှင် နောင်အနာဂတ်ကာလ၌ ထပ်မံတွေ့မြင်ရမည့် မန်ပန်၏ အနေအထားသည် ဘယ်အထိ ခရီးပေါက်မည်ဆိုသည်ကို အလွယ်တွေးကြည့်နိုင်ပါသည်။

## မန်ပန်၏အားမာန်

၁၉၈၆ ခုနှစ် ဇန်နဝါရီလ ၅ရက်နေ့၌ အမ်တီအေအဖွဲ့ကြီး အကြွင်းမဲ့ လက်နက်စွန့်ခဲ့ပြီးနောက် ဦးစိုင်းမွန်းအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်း မြို့နယ်အတွင်းရှိ မန်ပန်၊ နောင်လိုင်၊ နမ့်မူဆယ်ရွာများတွင် ပြန်လည်အခြေချ နေထိုင်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့၏။ အမ်တီအေအဖွဲ့သည် လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများနှင့် ယှဉ်ပါးခဲ့သောအဖွဲ့ ဖြစ်သည်။ ဟိုမိန်း-နောင်အော-ခန့်ပါ-မုံးထော်-မုံးထလမ်း။ ဟိုမိန်း-မယ်အောလမ်း၊ ဟိုမိန်း-နားမွန်းလုံ နယ်စပ်လမ်းများကို တစ်ကြောင်း ထိုးမြေသားလမ်းဖောက်ပြီး နွေနွေ မိုးမိုး လေးဘီးယက်ကားများဖြင့် အသုံးပြုသွားလာခဲ့ကြသည်။

အလားတူ မန်ပန်ကျေးရွာတွင် အခြေပြုနေထိုင်ခဲ့သော ဦးစိုင်းမွန်းအဖွဲ့သည် ၁၉၉၉ ခုနှစ်မှ စတင်၍ ဒေသအတွင်း၌ မုံးယော်-ပါဖိန်း-တာဆိုင်းလျှံလမ်း၊ ပါဖိန်း-မုံးကျက်လမ်း၊ မုံးယား-နားလူလမ်း၊ မန်ပန်-နောင်လိုင်-နမ့်မူဆယ်လမ်း၊ နမ့်မူဆယ်-ပါဖန်လမ်း၊ နမ့်မူဆယ်-နားညု-မိုင်းကျိုင်လမ်းတို့ကို မြေသားလမ်းအဆင့် ဖောက်လုပ်ခဲ့ရာ စုစုပေါင်း ၁၀၉မိုင်ရှိသည်။ နိုင်ငံတော်အစိုးရက နမ့်ပေါင်-မန်ပန်-နောင်လိုင်လမ်းနှင့် နားယ-ပုန်းထွန်လမ်းတို့အား ကျောက်ခင်းလမ်းအဆင့်အထိ ဆောင်ရွက်ပေးခဲ့သည်။

ယခုနှစ်အတွင်း၌လည်း ပါဖန်-လွယ်ကျန့်-ပန်လောင်း-ပန်ယုတ် မြေသားလမ်း ၁၅မိုင်ကို ထပ်မံဖောက်လုပ်ခဲ့ပြီး မန်ပန်-နောင်လိုင်လမ်း ၁၂/၀မိုင်ကို ထပ်မံ ချဲ့ထွင်၍ ကျောက်ခင်းခဲ့သည်။ နမ့်ပေါင်-ကုန်းပေါင်းကျေးရွာချင်းဆက် လမ်းနှစ်မိုင်ကိုလည်း ကျောက်ခင်းပြီးဖြစ်သည်။ ဖော်ပြပါ လမ်းအသီးသီးပေါ်မှ ယခင်က သစ်သားတံတားငယ်များ နေရာတွင် ကျောက်စီကွန်ကရစ်တံတားကြီးငယ်အသွယ်သွယ် အစားထိုး တည်ဆောက်ထားပြီး ဖြစ်သည်။

မန်ပန်၊ ဖတ်လင်း၊ နားတောင်း၊ နားခမ်း၊ ဖာတန်၊ နောင်ဝိုး၊ ခါးလျှိုး၊ နောင်တောင်း၊ မန်နောင်နှင့် ပါဖန်ကျေးရွာများ၌ ဘုန်းတော်ကြီးကျောင်းများ အသစ်ဆောက်

ဆောင်းသီးနှံ စိုက်ပျိုးရေးအတွက် မြေပြုပြင်နေစဉ်။



လုပ်လှူဒါန်းခြင်း၊ မွမ်းမံပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ကြ၏။ မန်ပန်စေတီသည် ဇရပ် တန်ဆောင်းများနှင့် တင့်တယ်သပ္ပာယ်လှသည်။ နမ့်မူဆယ်၊ ကုန်းမုံ၊ ဝိန်းလောင်းရွာများတွင်လည်း ဘုန်းတော်ကြီးကျောင်းသစ်များ ဆောက်လုပ်နေဆဲ ဖြစ်သည်။

## မန်ပန်ဒေသ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေး

၁၉၈၉-၉၀ နှစ်များ၌ ကျွန်တော်သည် တန့်ယန်းမြို့မြောက်ဘက်ရှိ အဆိုပါကျေးရွာများသို့ နှံ့နှံ့စပ်စပ် ရောက်ဖူးခဲ့သည်။ နောင်လိုင်မှ အရပ်ရှစ်မျက်နှာ ဘယ်ကိုသွားသွား၊ လက်ညှိုးညွှန်ရာ ဘိန်းခင်းများ ရှိနေသည်။ မန်ပန်၌လည်း ထိုနည်းနှင်နှင်ပင်။ အမ်တီအေအဖွဲ့သည် အကြွင်းမဲ့ လက်နက်စွန့်ခဲ့ကြပြီးနောက် မူးယစ်ဆေးဝါးလုပ်ငန်းအပေါ် ယတိပြတ် စွန့်လွှတ်နိုင်မှုက အံ့သြချီးကျူးစရာ ဖြစ်သည်။ ကိုယ်စီကိုယ်င အခြေချနေထိုင်ရာ အရပ်ဒေသများ၌ မိမိတို့ဒေသ ဖွံ့ဖြိုးရေးတိုးတက်ရေးအတွက် နိုင်ငံတော်



အစိုးရနှင့် လက်တွဲဆောင်ရွက်ခဲ့ကြသည်။ ဟိုမိန်း၊ မုံးထော်/မုံးထ၊ ရွှေပြည်အေး (ကသဲကွင်း)၊ နားရိုင်း(နမ့်စန်)၊ မန်ပန်၊ မုံးဟင်/မုံးဟဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုများကသက်သေပြုလျက်ရှိ၏။ မန်ပန်ဒေသကိုပဲ ကြည့်ဦးတော့။ ယခုအခါ မန်ပန်/နောင်လိုင်ဒေသ သည် ဘိန်းအစားထိုး သီးနှံ စိုက်ပျိုးရေးလုပ်ငန်းအတွက် မန်ပန်၊ နောင်လိုင်၊ ပန်အုံ၊ မိုင်းကျိုင်၊ ပန်မ၊ မုံးယော်၊ ပါဖိန်း၊နားမတ်၊ တိန်းဟိုင်း၊ ဖာပလန်နှင့် နမ့်ပေါင်တို့တွင် စိုက်ပျိုးမြေဧက ၃၅၀၀ကျော် ဖော်ထုတ်စိုက်ပျိုးခဲ့သည်။

လယ်စပါး ဧက၆၀၀၊ ယာစပါး ဧက၅၀၀၊ အစေ့ထုတ်ပြောင်းဧက ၂၀၀၀၊ ပဲးပုပ် ဧက၂၀၀၊ လိမ္မော် ဧက ၁၀၀၊ မြေပဲ ၅၅ဧက၊ နာနတ် ဧက၄၀၊ ပီလောပီနံ ဧက ၄၀၊ ပဲစင်းငုံ ဧက၂၀၊ လိုက်ချီး ၁၀ ဧက၊ သရက်နှင့် သဘော်လေးဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဆောင်းသီးနှံ နှမ်းဧက၅၀၀၊ ဂျုံဧက ၂၀ပါဝင်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရွှေ့ပြောင်းတောင်ယာ

မန်ပန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းကို တွေ့ရစဉ်။

စနစ်အစား၊ ကုန်းမြင့်လယ်ယာမြေ စနစ်တကျ ဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်းကို စံနမူနာပြ ဆောင်ရွက်လျက်ရှိရာ ပန်အုံကျေးရွာတွင် ဧက ၂၀၀၊ မိုင်းကျိုင်ကျေးရွာတွင် ၁၀ဧက၊ ပါဖိန်းကျေးရွာတွင် ၁၀ဧက ဖော်ထုတ် စိုက်ပျိုးနိုင်ခဲ့သည်။

## မွေးမြူရေးလုပ်ငန်းများ

ဘက်စုံစိုက်ပျိုးရေး၊ မွေးမြူရေးခြံများကို မန်ပန်၊ ပန်အုံ၊ မုံးယော်နှင့် နမ့်ဟူး/လွယ်ကာကျေးရွာများတွင် ထားရှိ၍ ကျွဲကောင်ရေ ၁၀၀၊ နွားကောင်ရေ ၁၀၀၊ ဝက် ကောင်ရေ ၁၈၀၊ ငါးသားပေါက်ကောင်ရေ ၁၇၅၀၀၀ ထည့်သွင်းမွေးမြူခဲ့သည်။ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြရင်းတစ်ဖက်မှလည်း တိရစ္ဆာန် အစားအစာများ ကိုယ်တိုင်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေကြသည်။

ယနေ့ မန်ပန်သည် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာသနာရေး၊ စိုက်ပျိုးမွေးမြူရေး အစရှိသည့် ကဏ္ဍတစ်ခုချင်းအလိုက် အစစအရာရာ ပြောင်းလဲသွားခဲ့ပေပြီ။ များမကြာမီ နောင်လိုင် ရုပ်/သံလွှင့် စက်ရုံမှ ထုတ်လွှင့်သမျှကိုလည်း ဖမ်းယူကြည့်ရှုနိုင်ကြဦးမည်။ တစ်ချိန်က ကျွန်တော် တွေ့မြင်ခဲ့ဖူးသည့် မန်ပန်ကျေးရွာ၏ အနေအထားနှင့် အလွန်ရိုးရှင်းလှသော တောင်ယာလယ်လုပ်၊ ထင်းခုတ်ရေသယ်၊ ပလိုင်းလွယ်ဈေးရောင်း မြင်ကွင်းများကား တဖြည်းဖြည်း မှုန်ဝါးလာသည်မှာ အသေအချာပင်ဖြစ်ပါတော့သည်။ ။

ကျေးရွာချင်းဆက် လမ်းအဆင့်ကိုပင် ကျော်လွန်၍ လားရှိုး၊ မိုင်းရယ်၊ တန့်ယန်း စသည့် မြို့များသို့ ရာသီမရွေးသွားလာနိုင်အောင် ကားလမ်းများ ပြုပြင်ဖောက်လုပ်ခဲ့သော မန်ပန်။ ၂၄နာရီလျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ကိုယ့်အားကိုယ်ကိုးရေအားလျှပ်စစ် ထုတ်လုပ်နိုင်အောင် ကြိုးပမ်းနေသော မန်ပန်။ မိမိတို့ကျေးရွာအပါအဝင် ပတ်ဝန်းကျင် ဒေသတစ်ခုလုံး၏ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ မြင့်မားတိုးတက်လာစေရန် ထက်သန်သော စေတနာ အရင်းခံဖြင့် လုံ့လဥဿာဟပြုနေသော မန်ပန်။ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်၊ တန်ဆောင်းများ ပြုပြင်ဆောက်လုပ်ခြင်းဖြင့် သာသနာရောင်ဝါ ထိန်ထိန်ညီးစေခဲ့သော မန်ပန်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်နေသော မန်ပန်။

တစ်မျှော်တစ်ခေါ် စိုက်ပျိုးထားသည့် မုံးယော်ပြောင်းစိုက်ခင်း။



**ကျောက်စီကွန်ကရစ်တံတား**

မန်ပန်ကျေးရွာ အဝင်လမ်းပေါ်မှ ကျောက်စီကွန်ကရစ်တံတားကို တွေ့မြင်ရစဉ်။





ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများအတွက် အရှေ့ပိုင်းတက္ကသိုလ်မှ ဆရာဦးအောအောညွန့်-ဒေါ်အေးအေးမြင့် မိသားစုနှင့် တပည့်ကျောင်းသားကျောင်းသူများက စာအုပ်၊စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို နိုဝင်ဘာ ၇ရက်က ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ(မဟာသဒ္ဓမ္မဇောတိကဓဇ) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## ပုပ္ပားစကားဝါမြေဆရာတော် တရားပွဲများကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃) ရပ်ကွက်ရှိ ပဏ္ဍိတာရာမ စာသင်တိုက် နာယက စာချ သာသနာပြုနယ်လှည့် ဓမ္မကထိက ပုပ္ပားစကားဝါမြေဆရာတော် ဘဒ္ဒန္တပညာဝံသသည် နိုဝင်ဘာ ၁၀ရက်တွင် လှိုင်မြို့နယ် (၁၃)ရပ်ကွက် ဓမ္မသုခကျောင်းလမ်း ဆွမ်းလောင်းဓမ္မာရုံ၌လည်းကောင်း၊ နိုဝင်ဘာ ၁၁ ရက်နှင့် ၁၂ ရက် တို့တွင် သာကေတမြို့နယ် ရန်ပြေ ၃လမ်း မာဃဓမ္မာရုံ၌ လည်းကောင်း၊ နိုဝင်ဘာ ၂၀ရက်တွင် မင်္ဂလာဒုံမြို့နယ် စမ်းကြီး၀ ရပ်ကွက်၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ (က-ပ)



## ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) သံဃာတော်ဆရာတော်များအား နယ်စပ်/စည်ပင်ဝန်ကြီးဌာနဝန်ထမ်းမိသားစုများဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၈

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ နာယကချုပ်ဆရာတော်အမှူးပြုသော သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သန်းထွန်း၊ ဗိုလ်မှူးကြီးတင်ငွေ၊ အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။ (အပေါ်ပုံ)**

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီးဒေါ်ကျင်ခိုင်၊ ဒုတိယဝန်ကြီးများ၊ အထူးအရာရှိနှင့် ဌာနအကြီးအကဲများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သံဃာတော်များအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ တစ်နေ့တာ ဆွမ်းအလှူတော်ငွေ ငွေကျပ်နှစ်သိန်းနှစ်သောင်းကို ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းက ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်က လက်ခံသည်။

ထို့နောက် နာယကချုပ်ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဦးစီးဌာနများမှ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နိုဝင်ဘာ၇ရက်က မြောက်ဥက္ကလာမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် သီလဝိသောဓနီသိမ်တော်ကြီး ပြုပြင်ရန် အလှူငွေပေးအပ်ပွဲတွင် ပန်းဘဲတန်းမြို့နယ် ၂၉လမ်းနေ ဦးတင်လှိုင်-ဒေါ်အေးမွေးကြူ၊ သားသမီး မြေးမိသားစုက အလှူငွေ ကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ သိမ်ဆောက်လုပ်ရေး လုပ်ငန်းကော်မတီက လက်ခံယူစဉ်။ (က-ပ)**



## ပြင်ဦးလွင်ခရိုင်ရှိကျေးရွာစာကြည့်တိုက်များအတွက် ငွေကျပ်ခုနစ်သိန်းကျော်တန်ဖိုးရှိစာအုပ်များလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၈**

ပြင်ဦးလွင်ခရိုင် အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များ လှူဒါန်းပွဲကို နိုဝင်ဘာ၂ရက် နံနက်၁၀နာရီက ပြင်ဦးလွင်ခရိုင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးငွေထွန်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌဒုတိယ ဗိုလ်မှူးကြီးမျိုးမြင့်က အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးငွေထွန်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် အလှူရှင်များက စုစုပေါင်းငွေကျပ် ၇၇၉၀၀၀တန်ဖိုးရှိ စာအုပ်များ ပေးအပ်လှူဒါန်းကြရာ ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လူတိုင်းအတွက်ပညာရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲဖွင့်

**ရန်ကုန် နိုဝင်ဘာ ၈**

လူတိုင်းအတွက်ပညာရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဆွေးနွေးပွဲခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ လူတိုင်းအတွက် ပညာရေးနှင့် ဆက်နွှယ်သော ဦးစီးဌာနများမှ ဖိတ်ကြားထားသူများ၊ လူတိုင်းအတွက် ပညာရေး လုပ်ငန်းဖော်ဆောင်ရေး အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းပညာရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက အဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ လူတိုင်းအတွက် ပညာရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးမှူး အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက လူတိုင်းအတွက် ပညာရေးဆိုင်ရာ နိုင်ငံတကာ အစည်းအဝေး အတွေ့အကြုံများကို အကျဉ်းချုပ်ရှင်းလင်း တင်ပြသည်။

**အမှာစကားပြောကြား**

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက နိဂုံးချုပ် အမှာစကားပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## တိမ်အသင့်အတင့်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**

## သတိ

၁။ ပြောက်အိုး၊ မီးရှူးနှင့် ဒုံး(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် ဒုံး(ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ တားမြစ်ချက်အား ဖောက်ဖျက်ပါက-

(က) ပစ်လွှတ်သည့်နေရာမှ အနီး၊ အဝေး၊ အနိမ့်နှင့် အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ဖောက်လျှင် ထောင်ဒဏ် (၃)နှစ်။

(ခ) ပြောက်အိုး၊ မီးရှူးနှင့်ဒုံးများ(ရှူးဒိုင်း) ရောင်းလျှင်၊ ထုတ်လုပ်လျှင် ထောင်ဒဏ်(၅)နှစ်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**



**အမှတ် ၉၅ ဗိုလ်ဆွန်ပက်လမ်း (၃၀)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးကျော်သူ(ခ)ဦးမောင်အေး-ဒေါ်မြရီထွန်းမိသားစုက အလှူငွေကျပ်တစ်သိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း ရန်ကုန်သို့ လာရောက်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်ဥမ္မာစိုးနှင့် အဖွဲ့ဝင် ဒေါ်သီတာရွှေတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။(က-ပ)**

## ရန်ကုန်တိုင်း မြို့နယ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်း မြို့နယ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၇ရက် မှ ၁၈ရက်အထိ မွန်းတည့် ၁၂နာရီတွင် Hotel Nikko ၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်စည်းကမ်းချက်များမှာ ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်ဦးရေကန့်သတ်ချက်မရှိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်များသည် အသက်(၁၆)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်၊ အိမ်ထောင်မရှိဖူးသူ အပျိုဖြစ်ရမည်၊ အရပ်ငါးပေ၊ လေးလက်မနှင့်အထက် ရှိရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အောင်နိုင်ဆုရရှိသူများအား ပထမဆု ကျပ်နှစ်သိန်း၊ ဒုတိယဆု ကျပ်တစ်သိန်းငါးသောင်း၊ တတိယဆု ကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ကာယအလှမယ်များသည် ရန်ကုန်တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန အမှတ်(၃၆) တောင်မြင်းပြိုင်ကွင်းလမ်း ရန်ကုန်မြို့ ဖုန်း-၅၅၄၉၁၉ သို့ လည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ရုံး အမှတ်(၃၇/၆၁) စုပေါင်းရုံး ဘဏ်လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၃၇၀၅၀၇သို့လည်းကောင်း၊ သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများသို့လည်းကောင်း ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုကာယ်စာသင်တိုက်၌ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၈

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သက်တော်ရှည်မြင်းခြံဆရာတော်အား အမှူးထား၍ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ မြောက်မင်စီ သာသနာပြုကျောင်းဆရာတော် ထေရဝါဒ တရုတ်ဘုန်းတော်ကြီး မဟာသဒ္ဓမ္မဇောတိကဓဇ အရှင်သုဘန (စုစန်းလီ)နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နိုကာယ်စာသင်တိုက်၌ ပဥ္စမအကြိမ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

## ပရိတ်တရားတော်နာယူ

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသထံမှ ပရိသတ်က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူအပ်သော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

## ရေစက်သွန်းချအမျှဝေ

ဆက်လက်၍ တာဝန်ရှိသူများနှင့်အလှူရှင်များက ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး နိုကာယ်စာသင်တိုက် ပဓာနနာယက တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသထံမှ အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချအမျှပေးဝေကြသည်။

## မတည်လှူဒါန်း

ထို့နောက် ပင့်သံဃာတော်အရှင်သူမြတ်တို့အား သင်္ကန်းများလှူဒါန်းကြပြီး နေ့ဆွမ်းဆက်ကပ်သည်။ အရှင်သုဘန (စုစန်းလီ)နှင့် တပည့်ဒါယကာ ဒါယိကာမများက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ အတွက် မတည်လှူဒါန်းငွေကျပ်သိန်း ၃၀ လှူဒါန်းပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ပဒေသာပင်များ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကြံစိုက်ပျိုးထုတ်လုပ်မှုနှင့် သကြားစက်ရုံများ ကုန်ထုတ်လုပ်မှု တိုးတက်ရေးစည်းဝေး စိုက်ကေ စာရင်းဇယား မှန်ကန်အောင်ပြုစုရေး ဝန်ကြီးဗိုလ်ချုပ်ဌေးဦး မှာကြား

ရန်ကုန် နိုဝင်ဘာ ၈

**ကြံစိုက်ပျိုးထုတ်လုပ်မှုနှင့် သကြားစက်ရုံများ ကုန်ထုတ်လုပ်မှုတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ၇ရက် နံနက် ၈နာရီ ၁၅မိနစ်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

### တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိက ကြံစိုက်ပျိုးထုတ်လုပ်မည့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်ဌေးဦး **(အပေါ်ပုံ)**က သကြားစက်ရုံများအလိုက် ကြံကုန်ကြမ်းအပြည့်အဝရရှိရေး အတွက် ဟန်ချက်ညီညီဆက်စပ်ဆောင်ရွက်ရေး၊ ကြံစိုက်တောင်သူများအကျိုးအမြတ်ရှိရှိ ခံစားနိုင်ရေး၊ ကြံစိုက်ပျိုးထုတ်လုပ်သူများအား ဝန်ကြီးဌာနက လိုအပ်ချက်များ ပံ့ပိုးကူညီဆောင်ရွက်ပေးရေး၊ ကြံစိုက် ကေစာရင်းဇယားမှန်ကန်အောင် အောက်ခြေထိ ကွင်းဆင်းပြုစုဆောင်ရွက်ရေး၊ ပုဂ္ဂလိကကြံစိုက်ပျိုး ထုတ်လုပ်လိုသူများအား ကမ်းလှမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များက မြေယာဖော်ထုတ်မှု၊ ကြံစိုက်ပျိုးမှု၊ရေရရှိရေး၊ စက်စွမ်းအားအသုံးပြုနိုင်ရေးကိစ္စများကို ရှင်းလင်းတင်ပြကြပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များက ကြံစိုက်ပျိုးမှုအတွက် လိုအပ်ချက်များကိုတင်ပြကြသည်။ ယင်းနောက်ဝန်ကြီးက လိုအပ်သည်များကို ပံ့ပိုးကူညီညှိနှိုင်းဆက်စပ် ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း မြင်းခြံခရိုင်နှင့်ညောင်ဦးခရိုင် အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး အမှတ်(၁)စက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် နိုဝင်ဘာ ၆ ရက် မွန်းလွဲပိုင်းက တောင်သာမြို့နယ် ဝဲလောင်အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများအားတွေ့ဆုံ၍ မိမိရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးကိစ္စများကို မှာကြားသည်။**

## ကြည့်ရှု

ထိုမှတစ်ဆင့်ကျောက်ကာကျေးရွာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး စာသင်ခန်းများ ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုသည်။

## မှာကြား

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ကျောက်ကာကျေးရွာ မဟာဗောဓိ ကျောင်းတိုက်၌ မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦး၊ မြင်းခြံခရိုင်နှင့် မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ ငါန်းဇွန်မြို့နယ်နှင့် နွားထိုးကြီးမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် ကျေးလက် စည်းရုံးရေးမှူးများအား လည်းကောင်း**(အပေါ်ပုံ)** နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် ညောင်ဦးမြို့ ညောင်ဦးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ညောင်ဦး ခရိုင်နှင့် ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူးများ၊ အလုပ်အမှုဆောင်များအား လည်းကောင်း တွေ့ဆုံပြီး ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက် ရမည့် အခြေအနေများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး အတွက် ကျရာ အခန်းကဏ္ဍက တက်ကြွစွာပါဝင်ရေးတို့ကိုမှာကြားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# ပျဉ်းမပင်မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၈

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင် သိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ရှိ မွေးမြူရေးအစားအစာနှင့် နို့ထွက် ပစ္စည်းလုပ်ငန်း ကြက်မျိုးများ မွေးမြူစမ်းသပ်ရေးစခန်းသို့ ရောက်ရှိလာပြီး ခြံမန်နေဂျာများနှင့် တွေ့ဆုံကာ ခေတ်မီမွေးမြူရေးနည်းစနစ်များနှင့် မွေးမြူရေးထုတ်ကုန်များ ပိုမို တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားပြီး ခြံမန်နေဂျာများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ခြံအတွင်း မွေးမြူ စမ်းသပ်ထားရှိသော ကြက်မျိုးများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။**

မွန်းလွဲပိုင်းတွင် ဝန်ကြီးနှင့် အဖွဲ့သည် ပျဉ်းမ ပင်ဝက်မွေးမြူရေးခြံသို့ရောက်ရှိလာပြီး မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ အနီးကပ် ကြီးကြပ်မှုဖြင့် သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက တာဝန်ယူတည်ဆောက်သော အသေးစားအိမ်တွင်းစက်မှု လုပ်ငန်းသုံး ၂၀ ကီလိုဝပ် ထွက်ရှိသည့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်သည့် စက်စမ်းသပ် လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် ရွှေပြည်သာမြို့နယ် (၃) ရပ်ကွက် အာဇာနည်(၂)လမ်းရှိ နွားကောင် ရေ ၃၀၀ခန့် မွေးမြူထားရှိသော နွားမွေးမြူရေး လုပ်ငန်းရှင် ဦးအုန်းခိုင်၏ Super Cow နွားမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

**၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၉၉၉၆)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန


# အဘိဓမ္မာအခါတော်နေ့ ရွတ်ဖတ်ပူဇော်ပွဲနှင့် စာအောင်ဆုနှင်းသဘင်

ရန်ကုန် နိုဝင်ဘာ ၈

ဧရာဝတီတိုင်း ဟင်္သာတမြို့တွင် မြို့နယ်လုံးဆိုင်ရာ အဘိဓမ္မာပြန့်ပွားရေးအသင်းက ကြီးမှူးကျင်းပသော ငါးကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ ရွတ်ဖတ်ပူဇော်ပွဲနှင့် စာအောင်ဆုချီးမြှင့်ပွဲအခမ်းအနားကို မြစ်ကွေ့ ပရိယတ္တိစာသင်တိုက် ဇေယျာသိရီ သုံးထပ်ကျောင်းဆောင် မြေညီထပ်၌ အောက်တိုဘာ ၂၈ ရက်မွန်းလွဲ ၁ နာရီကကျင်းပသည်။

### ဆုချီးမြှင့်

အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာနမှ ကျင်းပသော ၂၀၀၃ ခုနှစ် အဘိဓမ္မာ၊ ဋီကာ၊ ဝိသုဒ္ဓိမဂ်နှင့် ယဉ်ကျေးမှုစာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံးတွင် တတိယဆုရ မသီတာချိုနှင့် တိုင်းအဆင့်၊ မြို့နယ်အဆင့်ဆုများကို တာဝန်ရှိသူများက ချီးမြှင့်ကြသည်။

### အနုမောဒနာတရားနာယူ

ထို့နောက် အလှူရှင်အသီးသီးက အလှူငွေများကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးစံမြင့်အောင်က လက်ခံရယူပြီး ဟင်္သာတမြို့နယ် သံဃနာယကအကျိုးတော်ဆောင် မြစ်ကွေ့ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ စန္ဒသိရီ မဟာဓမ္မာစရိယ (M.A. Buddhism) ဝိနယပါရဂူထံမှ အနုမောဒနာတရား နာယူကြကြောင်း သိရသည်။ **(က-ပ)**

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်များ စတင်ယှဉ်ပြိုင်

## သတင်းဆောင်းပါး-ကိုထွေး

**ရန်ကုန် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် စတုတ္ထအကြိမ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားအဆင့်မြင့်တန်းပတ်လည်ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌စတင်ကျင်းပရာ ပို့ဆောင်ရေးအသင်းက တံခွန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တံခွန်အသင်းအတွက် ပွဲချိန်မိနစ်၃၀တွင် ကျော်သီဟက ဦးဆောင်ဂိုးသွင်းယူသည်။ ဒုတိယပိုင်းတွင် ပို့ဆောင်ရေးအသင်းက နှစ်ဂိုးပြန်သွင်းရာ ပွဲချိန်၆၁မိနစ်တွင် မြတ်မင်းဦးက ပထမဂိုး၊ ပွဲချိန်မိနစ် ၈၀ တွင် ဝင်းမင်းထွဋ်က ဒုတိယဂိုး သွင်းယူပေးသည်။

### အုပ်စုခွဲ

ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအပြီး၌ အုပ်စုပထမနှင့် အုပ်စုဒုတိယရရှိကြသော အသင်းများကို မဲနှိုက်၍ နေရာချထားခဲ့သည်။ (ကက) အုပ်စု၌ ပို့ဆောင်ရေးအသင်း၊ သစ်တောရေးရာအသင်း၊ ဆောက်လုပ်ရေးအသင်းနှင့် တံခွန်အသင်းတို့ ပါဝင်ကြသည်။ (ခခ)အုပ်စု၌ ပတ္တမြားနဂါးအသင်းနှင့် ဘဏ္ဍာ/အခွန်အသင်း၊ စီးပွား/ကူးသန်းအသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ပါဝင်ကြသည်။

### အုပ်စုပွဲစဉ်

ဒုတိယအဆင့် အုပ်စုပွဲစဉ်များ ရေးဆွဲထားရာ နိုဝင်ဘာ၉ရက်**(ယနေ့)** တွင် သစ်တောရေးရာအသင်းနှင့် ဆောက်လုပ်ရေးအသင်း၊ နိုဝင်ဘာ၁၀ ရက်တွင် ပတ္တမြားနဂါးအသင်းနှင့် မြို့တော်စည်ပင်၊ နိုဝင်ဘာ ၁၁ ရက်တွင် ဘဏ္ဍာ/အခွန်အသင်းနှင့် စီးပွား/ကူးသန်းအသင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် ပို့ဆောင်ရေးအသင်းနှင့် ဆောက်လုပ်ရေးအသင်း၊ နိုဝင်ဘာ၁၄ရက်တွင် တံခွန်အသင်းနှင့် သစ်တောရေးရာအသင်း၊နိုဝင်ဘာ၁၅ရက်တွင် ပတ္တမြားနဂါးအသင်းနှင့် စီးပွား/ကူးသန်းအသင်း၊ နိုဝင်ဘာ၁၆ရက်တွင် မြို့တော်စည်ပင်အသင်းနှင့် ဘဏ္ဍာ/အခွန်အသင်း၊နိုဝင်ဘာ၁၇ ရက်တွင် သစ်တောရေးရာအသင်းနှင့်ပို့ဆောင်ရေးအသင်း၊နိုဝင်ဘာ၁၈ရက်တွင် ဆောက်လုပ်ရေးအသင်းနှင့် တံခွန်အသင်း၊ နိုဝင်ဘာ၁၉ရက်တွင် ဘဏ္ဍာ/အခွန်အသင်းနှင့် ပတ္တမြားနဂါးအသင်း၊ နိုဝင်ဘာ၂၀ရက်တွင် စီးပွား/ကူးသန်းအသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအားလုံးကို အောင်ဆန်းအားကစားပြိုင်ကွင်း၌ညနေ၃နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

### အကြိုဗိုလ်လုပွဲ

ပထမအကြိုဗိုလ်လုပွဲကို နိုဝင်ဘာ ၂၃ရက်တွင်လည်းကောင်း၊ဒုတိယအကြိုဗိုလ်လုပွဲကို နိုဝင်ဘာ၂၄ရက်တွင်လည်းကောင်း၊ တတိယနေရာလုပွဲကိုနိုဝင်ဘာ၂၇ရက်တွင်လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲကို နိုဝင်ဘာ ၂၉ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။အကြိုဗိုလ်လုပွဲမှ ဗိုလ်လုပွဲအထိ ပွဲစဉ်များကို လှုင်ယာအားကစားလေ့ကျင့်ရေးစခန်း၌(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။

### ဆုကြေးချီးမြှင့်မည်

နောက်ဆုံးဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ရာ ပထမဆုအဖြစ် ငွေကျပ်သိန်း ၃၀၊ဒုတိယဆုအဖြစ် ငွေကျပ်သိန်း၂၀ နှင့်တတိယဆုအဖြစ် ငွေကျပ်၁၀သိန်း ချီးမြှင့်မည်ဖြစ်သည်။ ၂၀၀၄ခုနှစ် စတုတ္ထအကြိမ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားအဆင့်မြင့်တန်းပတ်လည်ဘောလုံးပြိုင်ပွဲတွင် ခြေစွမ်းပြ ကစားနိုင်သူများကို ရွေးချယ်ကာ ပဏာမမြန်မာ့လက်ရွေးစင်(ခ)အသင်းဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

### ပဏာမလက်ရွေးစင်

စတုတ္ထအကြိမ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားအဆင့်မြင့်တန်းပတ်လည်ဘောလုံးပြိုင်ပွဲတွင် တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင်အသင်းမှ အားကစားသမားများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုကြောင်း ရေးသားလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

# အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်သည် ပိုက်ကျော်ခြင်းအားကစား တိုးတက်မြင့်မားလာစေရန်အတွက် အရှိန်အဟုန်ဖြင့် ပြိုင်ပွဲများကျင်းပလျက်ရှိရာ ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ရန်ကုန်မြို့ လှုင်ယာအားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အားကစားရုံတွင် နိုဝင်ဘာ ၁၄ရက်မှ ၁၉ရက်အထိ ကျင်းပမည်ဖြစ်သည်။

### ယှဉ်ပြိုင်နိုင်

ပြိုင်ပွဲတွင် အမျိုးသား(အလွတ်တန်း)သုံးယောက်တွဲပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ၊ အမျိုးသား(လူသစ်တန်း) သုံးယောက်တွဲပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ၊ အမျိုးသမီး(အလွတ်တန်း)သုံးယောက်တွဲပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ၊ စုစုပေါင်း ပြိုင်ပွဲခြောက်မျိုး ကျင်းပပြုလုပ်မည်ဖြစ်သည်။ အမျိုးသား (အလွတ်တန်း) ပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင်ဖြစ်ဖူးသူ တစ်ဦးသာ ပါဝင်ခွင့်ရှိပြီး အမျိုးသား(လူသစ်တန်း)ပြိုင်ပွဲများတွင် ဝန်ကြီးဌာနအဆင့်(အလွတ်တန်း)ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ဖူးသူများအား ပါဝင်ယှဉ်ပြိုင်ခွင့်မရှိဟု သတ်မှတ်ထားသည်။ အမျိုးသမီးပြိုင်ပွဲများတွင် အကန့်အသတ်မရှိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

### စာရင်းပေးသွင်း

ဆုရရှိသော အသင်းများအား ဆုတံဆိပ်၊ ဆုဖလားနှင့် ဆုကြေးငွေများကို ထိုက်ထိုက်တန်တန်ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသည့်အသင်းများသည် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်အားကစားရုံ(သုဝဏ္ဏ)ဖုန်း-၅၇၇၄၆၁နှင့် အမှတ် ၁၉ ရွှေပုန်းညက်ရိပ်မွန် ဘုရင့်နောင်လမ်းမကြီး ကမာရွတ်မြို့နယ် ဖုန်း-၅၀၂၁၃၀၊ ၅၀၁၈၅၉ နှင့် ၅၀၁၈၆၀ တို့သို့ နိုဝင်ဘာ၁ရက်မှ၁၂ရက်အထိ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



**လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ၅ရက်က လှိုင်သာယာမြို့နယ် စက်မှုမြို့ အားကစားကွင်း၌ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော အမှတ်(၁၈)ရပ်ကွက်အသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ဆုဖလား ချီးမြှင့်စဉ်။** (၁၈၀)

# မန်ယူ၏ဖလားရရှိရေးရည်မှန်းချက် အလှမ်းဝေးနေဆဲ

**လန်ဒန် နိုဝင်ဘာ ၈**

မန်ချက်စတာ ယူနိုက်တက်အသင်းသည် ပရီမီယာလိဂ်ဖလားရရှိရေး ရည်မှန်းချက်ကြီးစွာဖြင့် စနေနေ့က ကစားခဲ့သော်လည်း ဒါဘီ၏ပြိုင်ဘက်မန်စီးတီးအသင်းက အိမ်ကွင်း၌ ဂိုးမရှိသရေဆွဲထားလိုက်မှုကို ခံခဲ့ရပြီး တိုက်စစ်မှူးအလန်စမစ်လည်း ထွက်သွားခဲ့ရသည်။

မန်ချက်စတာ ယူနိုက်တက်အသင်းသည် ယခုသီတင်းပတ်အကုန်က လွန်ခဲ့သော၁၈နှစ်က ဒါဘီအသင်းကို အနိုင်ရခဲ့သလို အောင်ပွဲခံပြီး ထိပ်ဆုံးရောက် ချယ်လ်ဆီးနောက်မှ ကိုးမှတ်အလိုဖြင့်လိုက်နိုင်ရန် ဖာဂူဆန်က မျှော်လင့်ထားသော်လည်း ဂိုးမရှိသရေပွဲကြောင့် ရည်မှန်းချက်နှင့်လွဲခဲ့ရသည်။

မန်ယူသည် လွန်ခဲ့သောနှစ်ပတ်က ချန်ပီယံအာဆင်နယ်ကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ။**



**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀) အဖြစ် လာဇီယိုနှင့် ဆီနာတို့ပွဲတွင် လာဇီယိုမှ ရိုရမ်ပင်ဒက်ဇ်(၀ဲ) ထိုးဖောက်ကစားမှုကို ဆီနာမှ ပေါလိုဖော့စ်လီရီ ဟန့်တားစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ကမ္ဘာတစ်လွှားအားကစား

# အေစီမီလန်အသင်းသရေကျ ဂျူဗင်းတပ်ရှုံးပွဲနှင့်ကြုံရ

**ရောမ နိုဝင်ဘာ ၈**

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀)ကို နိုဝင်ဘာ ၇ ရက်က ကျင်းပရာ အေစီမီလန်၊ ပါးမား၊ လာဇီယိုတို့သရေပွဲများဖြစ်ကာ တန်းစီဇယားထိပ်၌ရပ်တည်နေသော ဂျူဗင်းတပ်တို့လည်း ရက်ဂျီးနားကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးပွဲနှင့်ကြုံခဲ့ရသည်။

### အေစီမီလန်နှင့်ရိုးမား

အိမ်ကွင်း နိုင်ပွဲနည်းနေသည့် အေစီမီလန်တို့ မိမိကွင်း မိမိပရိသတ်ရှေ့မှာပင် ရိုးမားကို တစ်ဂိုးစီသရေကျခဲ့ရပြန်သည်။ အေစီမီလန်တို့ အိမ်ကွင်းတွင် ခြောက်ပွဲကစားခဲ့ရာ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးထားသည်ဖြစ်ရာ ယခုနှစ်၌ အိမ်ကွင်းရလဒ်မကောင်းပေ။ ပွဲစသည်နှင့် အေစီမီလန်တို့ ဖိကစားနိုင်ပြီး ပွဲချိန်၆မိနစ်တွင် တိုက်စစ်မှူးရှက်ဖ်ချင်ကိုက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ရိုးမားက ခံစစ်လုံအောင်ကစားပြီး တိုက်စစ်ဆင်ကစားရာမှ ပွဲချိန်၄၈မိနစ်တွင် မွန်တဲလ်လားက ရိုးမားအတွက် ချေပဂိုးသွင်းယူပေးခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရသည်။

အေစီမီလန်က ၁၀ပွဲကစားခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ၂၁မှတ်ရပြီး တန်းစီဇယား ဒုတိယနေရာ၌ရှိနေသည်။ ရိုးမားက သုံးပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံးဖြင့် အဆင့်(၉)၌ရှိနေသည်။

### လာဇီယိုနှင့်ဆီနာ

ယခုနှစ်ရာသီတွင် အိမ်ကွင်းခြေစွမ်းပျောက်နေသော လာဇီယိုတို့ အိမ်ကွင်း၌ပင် ဆီနာကို တစ်ဂိုးစီသရေကျအောင် ရုန်းကန်ကြိုးစားခဲ့ရသည်။ တိုက်စစ်အားပျော့နေသည့်လာဇီယိုတို့ ဆီနာနောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ပွဲချိန် ၄၆မိနစ်ရောက်မှသာ ဖာနန်ဒိုကော်တိုက လာဇီယိုအတွက် အဖွင့်ဂိုးသွင်းပေးပြီး ပွဲချိန်၆၆မိနစ်တွင် ဆီနာမှ ပေါတာနီဗာက ချေပဂိုးသွင်းယူပေးခဲ့သည်။ လာဇီယိုက ၁၀ပွဲကစား သုံးပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံးဖြင့် ၁၃မှတ်ရကာ အဆင့်(၁၁)၌ ရှိနေသည်။

### ရက်ဂျီးနားနှင့်ဂျူဗင်းတပ်

ယခုနှစ် စီးရီးအေရာသီအစကတည်းက ခြေစွမ်းပြပြီး ရှုံးပွဲမရှိ ထိပ်ဆုံး၌ရပ်တည်နေသော ဂျူဗင်းတပ်ကို ရက်ဂျီးနားတို့က ရက်ဂျီးနားကွင်း မာရီရိုရီဂါမွန်တီ၌ အရှုံး၏အရသာကို ခံစားစေခဲ့ပြီဖြစ်သည်။ အိမ်ရှင်ရက်ဂျီးနားတို့ ပွဲချိန်၁၂မိနစ်၌ ကိုလူစီက ဦးဆောင်ဂိုးသွင်းယူခဲ့ပြီးမှ ပွဲချိန်၁၅မိနစ်တွင် ဂျူဗင်းတပ် တိုက်စစ်မှူးအီဘရာဟီမိုဗစ်က ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန်၂၈မိနစ်တွင် ရက်ဂျီးနားမှ ဇမ်ဘိုနီက တစ်ဂိုးသွင်းယူခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် ရက်ဂျီးနားတို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဂျူဗင်းတပ်တို့ ရှုံးပွဲကြုံခဲ့ရသော်လည်း တန်းစီဇယား၌ ထိပ်ဆုံးတွင် ရပ်တည်နေဆဲဖြစ်သည်။

### အခြားပွဲများ

| | | |
|---|---|---|
| **အတ္တလန္တာ** | **၀-၀** | **ဆမ်ဒိုးရီးယား** |
| **ဘိုလော့နာ** | **၂-၂** | **မက်ဆီနာ** |
| **ကယ်ဂလီရာရီ** | **၀-၀** | **လီဗော်နို** |
| **ဖီအိုရင်တီးနား** | **၁-၁** | **အင်တာမီလန်** |
| **လက်ချီ** | **၃-၄** | **အူဒီးနီးစ်** |
| **ပါလာမို** | **၁-၁** | **ပါးမား** |
| **ဘရက်ရှား** | **၁-၀** | **ချီယေးဗို** |

**(အင်တာနက်)**

# ဖူဟမ်အသင်း နယူးကာဆယ်ကိုဂိုးပြတ်သွင်း

**လန်ဒန် နိုဝင်ဘာ ၈**

ဖူဟမ်အသင်းနှင့်နယူးကာဆယ်အသင်းတို့သည် တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားခဲ့ကြရာ ဖူဟမ်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

မန်နေဂျာဆောင်းနက် နယူးကာဆယ်အသင်းကို လွန်ခဲ့သောနှစ်လက မန်နေဂျာအဖြစ် ကိုင်တွယ်ခဲ့ပြီးနောက် အိမ်ကွင်း၌ ပထမဆုံးအရှုံးကို ရင်ဆိုင်ရခြင်းဖြစ်သည်။

ဘော်လ်တန်အသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့ တစ်ဂိုးစီသရေဖြစ်ခဲ့သည်။ ဘော်လ်တန်အသင်းသည် ၁၂ပွဲကစား(၂၂)မှတ်ဖြင့် စတုတ္ထနေရာ၌ ရပ်တည်နေသည်။**အမ်အင်အေ၊ရိုက်တာ**

# မောင်အိုလံပီယာ ရွှန်နိုင်းကိုလီမန်



**မော်စကို နိုဝင်ဘာ ၈**

ရုရှားနိုင်ငံ မော်စကိုမြို့၌ နိုဝင်ဘာ၅ရက်က ဂရင်းပရီ ရုရှားကာယဗလမောင်ပြိုင်ပွဲကျင်းပသည်။

ယင်းပြိုင်ပွဲတွင် ယူအက်စ်မှ မောင်အိုလံပီယာဘွဲ့ရရှိထားသူ ရွှန်နိုင်းကိုလီမန်လည်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

**(ယာပုံ)**

အဆိုပါကာယဗလမောင်ပြိုင်ပွဲသို့ ယူအက်စ်၊ ပိုလန်၊ အီတလီ၊ နော်ဝေ၊ ရုရှားစသောနိုင်ငံများမှ ကမ္ဘာ့ထိပ်သီးကာယဗလမောင် ၁၂ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

## မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရား ရွှေသင်္ကန်းဆက်ကပ်ပွဲကျင်းပရေးစည်းဝေး

**မော်လမြိုင် နိုဝင်ဘာ ၄**

မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ဦးဆောင်မှုဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရား**(ယာပုံ)**အား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် လျှပ်စစ်မီးပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပရေးအတွက် ဒုတိယအကြိမ် အစည်းအဝေးကို အောက်တိုဘာ၃၀ရက်က အဖွဲ့ရုံးတွင်ကျင်းပရာ ဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းနှင့် ဂေါပကအဖွဲ့ဝင်များတက်ရောက်ကြသည်။

ရွှေသင်္ကန်းဆက်ကပ် လှူဒါန်းပွဲနှင့် လျှပ်စစ်မီးပူဇော်ပွဲကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် လျှပ်စစ်မီးပူဇော်ပွဲအတွက် စေတနာရှင် ပြည်သူများလှူဒါန်းလိုပါက မဟာမြတ်မုနိဘုရား ဘဏ္ဍာထိန်း ဂေါပကအဖွဲ့ ဖုန်း- ၀၅၇-၂၁၄၄၄သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၆၈)**



## လယ်ဝေးမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်လည်စည်းဝေး ထူးချွန်သူများဆုချီးမြှင့်၊အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

လယ်ဝေး အောက်တိုဘာ ၂၅

**လယ်ဝေးမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို အောက်တိုဘာ၅ရက်က လယ်ဝေးမြို့နယ် လူငယ်ရိပ်သာခန်းမ၌ကျင်းပသည်။**



အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ဝင်းမြင့်ကအမှာစကားပြောကြားပြီး ၂၀၀၃-၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာ၊ ငါးဘာသာ၊ လေးဘာသာဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်သူ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး **(ယာပုံ)** အလှူရှင်များအား မြို့နယ်အသင်း အတွင်းရေးမှူး ဦးဇော်အောင်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(၃၃၃)**

## သောက်သုံးရေရရှိရေး စက်ရေတွင်းများစစ်ဆေး

**မြစ်သား အောက်တိုဘာ ၃၁**

မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြစ်သားမြို့နယ်အတွင်း ကျေးလက်ပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ၁၀နှစ်စီမံကိန်းရေးဆွဲ၍ ၂၀၀၀-၂၀၀၁ခုနှစ်မှစတင်ကာ ကျေးရွာပေါင်း ၂၂၇ရွာတွင် လက်နှိပ်ပန့် ၁၄၄တွင်းနှင့် စက်ရေတွင်း ၇၇တွင်း တူးဖော်ခဲ့ပြီး သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ကြသည်။

အဆိုပါ စက်ရေတွင်းများ ကြံ့ခိုင်မှုဖြင့် လည်ပတ်နိုင်ရန် အောက်တိုဘာ ၂၇ရက်ကအမှုဆောင်အရာရှိ ဦးကျော်ချမ်းမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ-(၂)ဦးကိုကိုဦးတို့က ကွင်းဆင်းစစ်ဆေးကြသည်။ **(အောက်ပုံ)**

**(မြို့နယ်စည်ပင်)**

## ကော့သောင်း ကံပုံမာတမ်းကျေးရွာ၌ စာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်ရှင်းလင်း၊ မဂ္ဂဇင်းစာအုပ်များလှူဒါန်း

**ကော့သောင်း အောက်တိုဘာ ၂၅**

ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ကံပုံမာတမ်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ရက် မွန်းလွဲ ၂နာရီက ကျေးရွာရုံး၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းဟန်ဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမြင့်အေးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးတို့ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းဟန်ဝင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးမြင့်အေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်လင်းတို့က စာကြည့်တိုက်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** ထို့နောက် ကော့သောင်းခရိုင် ပို့ဆောင်ဆက်သွယ်ရေးဦးစီးဌာနက မဂ္ဂဇင်းစာအုပ်မျိုးစုံ ၆၀ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးမောင်လင်းက လက်ခံရယူသည်။

**(ခရိုင် ပြန်/ဆက်)**

## အမြို့မြို့ အနယ်နယ် သတင်းများ

## ရေစကြိုမြို့ သာယာလှပရေး ဝန်းကျင်အနံ့ဆောင်ရွက်

**ရေစကြို အောက်တိုဘာ ၃၀**

မကွေးတိုင်း ရေစကြိုမြို့သည် မြို့တော်အင်္ဂါရပ်နှင့်အညီ လှပသာယာရေးအတွက် ရေစကြိုမြို့နယ် စည်ပင်သာယာရေးဦးစီးဌာနက အောက်တိုဘာ ၁၀ရက်က မြို့ပေါ် ဝန်းကျင်နေရာအနှံ့ လမ်းဘေးဝဲယာ အုတ်ခုံများ ဆေးသုတ်ခြင်း၊ စည်းကမ်းလိုက်နာဆိုင်းဘုတ်များ အသစ်ပြုပြင်ချိတ်ဆွဲခြင်းနှင့် ပန်းအလှ သစ်ပင်များ ပြုပြင်ပေးခြင်းတို့အပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်သော လမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(၂၅၁)**



## ပေးအပ်

**ချင်းပြည်နယ် ထန်တလန်မြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနမှ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ပြည်နယ် ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမြင့်ကိုက မြို့မရပ်ကွက် ဥက္ကဋ္ဌသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။** (က-ပ)



## မတ္တရာမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**မတ္တရာ အောက်တိုဘာ ၂၈**

မတ္တရာမြို့နယ် ကပိုင်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက်က ရပ်ကွက်ရုံး၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးလင်းကြည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးညွန့်တင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားကို မြို့နယ်အဖွဲ့ဝင်(၂)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံ(၃) ဒေါ်ဆွေဆွေတင့်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက သုတ၊ ရသ၊ မဂ္ဂဇင်းစုံ စာအုပ် ၅၂ အုပ်ကို ပေးအပ်လှူဒါန်းရာ ရပ်ကွက် ဥက္ကဋ္ဌက လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**



**နိုဝင်ဘာ၁ရက်က သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းညွန့်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (က-ပ)



## မြန်မာ့အသံ

**၁၀-၁၁-၂၀၀၄**
**(ဗုဒ္ဓဟူးနေ့)**
**နံနက်ပိုင်း**

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး
(မွေးမြူရေးလုပ်ငန်းသုံး အဏုဇီဝစွမ်းအားဖြည့် အချိုရည်ထုတ်လုပ်မှု)

၁၂း၀၀ မြန်မာမှုအထွေထွေ
(ကနီဦးလှုညွှန့်) (မိုးနှောင်းဆောင်ဝင်း တောင်သူခွင်)

၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး
(အများအကျိုး ကိုယ့်အကျိုး- ဦးဝမ်ထိန်)

၁၃း၂၀ ယဉ်ကျေးမှုအနုပညာ
(မြန်မာ့ရိုးရာ ခြင်းပညာ- ဒေါ်စောမုံညင်း)

**ညနေပိုင်း**

၁၇း၃၀ အစာနှင့် အာဟာရ
(ပြာရည်ထုပ်နှင့် အသားကောက်ညှင်းထုပ်)

၁၇း၄၅ သူ့လက်သံလက်စွမ်းပြ
(ကိုအောင်စိုး၏ ဒုံမင်းလက်သံ)

၁၈း၁၅ သုခ၏မင်္ဂလသုတ်အဖွင့်
(အပိုင်း-၂၁)

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)မင်္ဂလာအတွေးများ- (ရဝေနွယ်-အင်းမ)
(၂)သံခေါင်းစွပ်မင်းသား (မောင်သိန်းလွင်ပြန်ဆိုသည်)

၂၀း၀၀ မေတ္တာလက်ဆောင်ရတေးစီးရီး
(ဦးတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သော ရွှေယမင်းဦး၏ ချစ်ဆိပ်ရည်တေးစီးရီး)



# အရာတော်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ် ရည်ရွယ်ချက်ရှင်းလင်း၊ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

**အရာတော် အောက်တိုဘာ ၂၆**

အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ မြို့နယ်ပညာရေးကော်မတီ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း၊မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနတို့ပူးပေါင်း၍ သစ်ကျင်းကြီး ကျေးရွာကိုယ့်အားကိုယ်ကိုး အေးသာယာ စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ၁၄ရက် နံနက် ၉ နာရီကကျင်းပရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးဝင်းနိုင်၊ ကျေးရွာဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ဓါတ်ပုံ)**

ဆက်လက်၍ ဗိုလ်မှူးဝင်းနိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူးဦးကျော်မြင့်က ကျေးရွာလျှပ်စစ်မီးလင်း ရေးဆိုင်ရာများကို လည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးမြင့်ဆွေက တရားစီရင်ရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစန်းလွင်ဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ အရှည်တည်တံ့ရေးကို လည်းကောင်း ရှင်းလင်း ပြောကြားကြသည်။

ထို့နောက် စာအုပ်အလှူရှင်၁၀ ဦးတို့က သုတ၊ရသ စာအုပ်မျိုးစုံ ၂၀၀ ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးဌေးဝင်းက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**



**ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကျေးလက် စက်ရေတွင်းများရှိ ရေစက်ရုံနှင့် အုတ်ရေကန်များအား စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး(အင်/ယာ) ဦးလှသိန်းအောင်နှင့် ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဇော်သန်းတို့အဖွဲ့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၀ရက်က ခရမ်းမြို့နယ် ဘုရားပျို ကျေးရွာ စက်ရေတွင်း၊ ရေစက်ရုံနှင့် အုတ်ကန်တို့ကို စစ်ဆေးကြစဉ်။**

(မြို့နယ်စည်ပင်)



**အမှတ် ၁၂၅ ဆင်မင်းလမ်း အလုံမြို့နယ်နေ ဦးလှဌေး-ဒေါ်နီ မိသားစုက အလှူငွေကျပ်တစ်သိန်းနှင့် နှစ်ဖက်သော မိဘများအား အမှူးထား၍ ကိုအောင်မြတ်လင်း-မမာမာလွင်မိသားစုကအလှူငွေကျပ်တစ်သိန်း စုစုပေါင်း ကျပ်နှစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။** (က-ပ)

# နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံဓာတ်မှန်အဆောက်အအုံသစ်

## ဆောက်လုပ်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

နောင်ချို နိုဝင်ဘာ ၃

**မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံဓာတ်မှန် အဆောက်အအုံသစ် ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ၂၀ရက် နံနက် ၁၀နာရီက အားမာန်အစည်းအဝေးခန်းမတွင် ကျင်းပသည်။**

### ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင်များ လှူဒါန်းငွေများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုလွင်က လက်ခံပြီး ဂုဏ်ပြုမှတ် တမ်းလွှာများ ပေးအပ်ရာ အလှူရှင်များ ဖြစ်ကြသော ဈေးရပ်ကွက်နေ ဦးလွင် မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးအောင် ဌေး-ဒေါ်ခင်ဝင်းမာမိသားစုက ငွေကျပ်သုံးသိန်းနှင့် မြို့နယ်ဘာသာရေးအသင်းအဖွဲ့များကငွေကျပ်သုံးသိန်းကိုပေးအပ်လှူဒါန်းကြသည်။

### လက်ခံရယူ

ထို့နောက် ပြည်သူ့ဆေးရုံအတွက် ၁၀ကေဗွီအေ မီးစက်တစ်လုံးကို ဦးလွင်မိသားစုက ထပ်မံလှူဒါန်းရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးက လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**

### ဆောင်ရွက်

**ပခုက္ကူမြို့နယ် အမှတ်(၁) မြို့မဈေးရှိ ဈေးပတ်လည် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ၉ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်ညွန့်၊ ဈေးဝန်ထမ်းများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များက ဈေးပတ်လည် ရေမြောင်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။** (က-ပ)





**နိုဝင်ဘာ၂ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင် သာ ယာ ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်က ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးသန်းနှင့်အတူ ပြည်မြို့နယ် ပေါင်းတလည် ကျေးရွာမှ ကျေးလက်အိမ်ရာနေ ပြည်သူများ၏ နေထိုင်မှုကို ကြည့်ရှုကြစဉ်။** (မြို့နယ်စည်ပင်)

### (၆၆)ကြိမ်မြောက်သွေးလှူဒါန်း



**ရန်ကုန် နိုဝင်ဘာ ၈**

စမ်းချောင်းမြို့နယ်ဗဟို(ရှမ်း)လမ်းနေ ဦးအောင်မြင့်စိုး**(ယာပုံ)**သည် မင်္ဂလာဗျူဟာအသင်းချုပ်တွင်အောက်တိုဘာ ၂၄ရက်က (၆၆)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

**ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမျိုးဆန်း၊တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ဦးဆောင်သော ဝန်ထမ်းများက နိုဝင်ဘာ၃ရက်က မြို့သာယာလှပစေရေးအတွက် မြေခင်းအလှပြုပြင်ခြင်း၊ ပန်းအလှပင်များ အစားထိုးစိုက်ပျိုးခြင်းကို မြို့အဝင်အထွက် ကားလမ်းဘေး ဝဲယာတစ်လျှောက်တွင် ပန်းအလှပင်များနှင့် အရိပ်ရပင်များ စိုက်ပျိုးပေးကြစဉ်။** (မြို့နယ်စည်ပင်)



**ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ် ၅၇(ဘီ)နေ ဦးတင်မြင့်(စီးပွား/လူမှု)(ငြိမ်း)၊ ဇနီး (ဒေါ်ခင်ခင်) ဘီအေ၊ဘီအီးဒီ၊အထပြ၊ ဗိုလ်တထောင်(၂) (သား)ဦးရဲမြင့်(တွဲဖက်ပါမောက္ခ၊သတ္တဗေဒ အရှေ့ပိုင်းတက္ကသိုလ်)၊ ဒေါ်လီလီရှိန် အထပြ (သမီး)ဒေါ်ခင်မာမြင့်(ပါမောက္ခ)(သား) ဦးခင်မောင်ဝင်းမြင့်၊ ဦးတိုးအောင်မြင့် မိသားစုတို့က ဦးတင်မြင့်၏(၇၆)နှစ်မြောက်စိန်ရတုအထိမ်းအမှတ်သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်သို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



9-11 (16).p65 1 3/24/05, 7:02 PM

## ကျောက်ပန်းတောင်းမြို့တွင် ရွှေးဟောင်းစေတီတော် ဗုဒ္ဓပူဇနိယပွဲကျင်းပ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၃**

ကျောက်ပန်းတောင်းမြို့ ပြည်တော်သာရပ်ကွက်ရှိ ဥသျှစ်ကုန်းစာသင်တိုက် ကျောင်းအတွင်းရှိ ရှေးဟောင်းစေတီတော် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကို အောက်တိုဘာ ၂၉ရက် (၁၃၆၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ရက်)က စာသင်တိုက်အတွင်း၌ ကျင်းပသည်။

အဆိုပါ ရှေးဟောင်းစေတီတော် ဗုဒ္ဓပူဇနိယပွဲကို စာသင်တိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသူရိယ အမှူးပြုသော ဆရာတော်များ၊ ဂေါပကအဖွဲ့ဝင်များက နှစ်စဉ်မပျက် ကျင်းပရာ မြို့ပေါ် ရပ်ကွက်အသီးသီးနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ကုသိုလ်အလှူရှင်များက လှူဖွယ်ပစ္စည်းပဒေသာပင်များနှင့် တံခွန်ကုက္ကားများဖြင့် လှည့်လည် ပူဇော်ကြသည်။ **(အပေါ်ပုံ)**

**(ဝ၆၁)**





အောက်တိုဘာ ၂၉ရက်က ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီး၌ ဝါဆိုတော်မူကြသော သံဃာတော်အပါး၂၄၀၀ကျော်နှင့် ကုလဝိသေသီ စာသင်တိုက်ရှိ သီလရှင်အပါး၈၀တို့အား ပုသိမ်မြို့ ရွှေမုဋ္ဌောဘုရား အရှေ့မုခ် ဒေါ်လှယဉ်မွှေးရုံ မြို့မ ဆွမ်းလောင်းအသင်းတွင် ပုသိမ်မြို့နယ် ပညာရေးမှူး ဒေါ်မြိုင်မြိုင်သန်း ဦးဆောင်၍ ပညာရေးမိသားစုများက အရဏ်ဆွမ်းလောင်းလှူကြစဉ်။

(က-ပ)

## သဲကုန်းမြို့နယ် စိုက်ပျိုးရေး သုတေသနခြံအတွင်း ဆင်းသွယ်လတ် မျိုးသန့်စပါးစိုက်ခင်း လက်တွေ့သရုပ်ပြ

ပြည် နိုဝင်ဘာ ၅

**ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် စိုက်ပျိုးရေးသုတေသနခြံအတွင်း ဆင်းသွယ်လတ် မျိုးသန့်စပါးစိုက်ခင်း လက်တွေ့သရုပ်ပြပွဲအခမ်းအနားကို နိုဝင်ဘာ ၂ရက် နံနက် ၉နာရီက သုတေသနခြံတွင် ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းဝင်းက အမှာစကား ပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးလှမြင့်က သဲကုန်းမြို့နယ်သည် ယခုနှစ် နွေစပါးဧရိယာအားလုံးတင်း ၁၀၀ထွက်ရှိရေးအတွက် ဆင်းသွယ်လတ်မျိုးသန့်များကို ဦးစားပေးစိုက်ပျိုးမည်ဖြစ်ကြောင်း၊ မျိုးသန့်များစိုက် ပျိုးလျှင် တစ်ဧက ပျမ်းမျှ ၁၀တင်း နှုန်းပိုထွက်ရှိကြောင်း၊ ယခုခြံမှ ထွက်ရှိသည့် ဆင်းသွယ်လတ် မျိုးသန့်များအား သဲကုန်းမြို့နယ် တောင်သူများကိုသာ ဦးစားပေး ဖြန့်ဖြူးသွားမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေး သုတေသနခြံမန်နေဂျာ ဦးသာထွန်းဦးက စိုက်ပျိုးရေးသုတေသနခြံ ထားရှိရခြင်း၏ ရည်ရွယ်ချက်များနှင့် မျိုးသစ်တစ်မျိုး ရရှိလာအောင် ဆောင်ရွက်ရပုံ အဆင့်ဆင့်ကို လည်းကောင်း အသီးသီး ရှင်းလင်း ပြောကြားပြီး တက်ရောက်လာကြသည့် တောင်သူဦးကြီးများအား စိုက်ခင်းအတွင်း လက်တွေ့လိုက်လံပြသခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**(၄၀၃)**



## ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ချီးမြှင့်

**မကွေး အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ မကွေးမြို့နယ် စည်းရုံးရေးကော်မတီက အသက်(၇၅)နှစ်အထက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပွဲနှင့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ရက်က မြို့နယ်စည်းရုံးရေး ကော်မတီရုံးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် အသက်(၇၅)နှစ်အထက် ခုနစ်ဦးအတွက် တစ်ဦးလျှင် ကျပ်တစ်သောင်းစီဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်ကျောင်းသားမောင်မျိုးသန့်အား ပညာသင်ထောက်ပံ့ငွေကျပ်တစ်သောင်းကိုလည်းကောင်း တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ **(က-ပ)**

## လူငယ်အားမာန်စာကြည့်တိုက် တည်တံ့ရေးဆွေးနွေး

**နေပြည် အောက်တိုဘာ ၂၅**

နေပြည်မြို့နယ် သပြုကျေးရွာအုပ်စု ကဇင်းတောကျေးရွာ လူငယ်အားမာန်စာကြည့်တိုက်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အရှည်တည်တံ့ရေး အထောက်အကူပြု ဆွေးနွေးပွဲကို အောက်တိုဘာ ၁၀ရက် နံနက်၉နာရီက လူငယ်အားမာန်စာကြည့်တိုက် အဆောက်အအုံခန်းမတွင် ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သိန်းချစ်နှင့် ဝန်ထမ်းများက လူငယ်အားမာန်စာကြည့်တိုက်ကော်မတီဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စာပေဝါသနာရှင်များအား စာတွေ့၊ လက်တွေ့ ဆွေးနွေးပို့ချ ရှင်းလင်းခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ဆောင်ရွက်ကြသည်။

**(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**



**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**



**စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့**

## ကိုယ့်အားကိုယ်ကိုး ထာဝရမိတ်ဆွေ စာကြည့်တိုက်ဖွင့်

**ရန်ကုန် နိုဝင်ဘာ ၈**

ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက်တွင် နိုဝင်ဘာ ၄ရက်က ထာဝရမိတ်ဆွေကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းတွင် ဖွင့်လှစ်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးဒေါ်တင်ရီနှင့်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ဆက်လက်၍ စာကြည့်တိုက်ခန်းမတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်ရီက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး အကြောင်း ရှင်းလင်းပြောကြားပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းထွန်းအောင်သို့ စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းသည်။

**(က-ပ)**



**အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စည်းရုံးရေး အခြေခံသင်တန်း အမှတ်စဉ် (၂၁) သင်တန်းသား သင်တန်းသူများအား အောက်တိုဘာ ၂၉ရက်က အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးအေးသိန်းနှင့် ဦးဌေးကြွယ်တို့က မူးယစ်ဆေးဝါးဘေးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေးနှင့် ထိန်းချုပ်ဓာတုပစ္စည်းများဆိုင်ရာ နည်းဥပဒေများအကြောင်း သိကောင်းစရာများ ဟောပြောပို့ချစဉ်။** (က-ပ)

**အောက်တိုဘာ ၃ရက်က သရက်မြို့နယ် ကံမမြို့အထကတွင် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကျင်းပရာမြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိဦးခင်မောင်ညွန့်က ကျောင်းအုပ်ဆရာကြီး ဦးစန်းလွင်သို့ ပေးအပ်စဉ်။**(မြို့နယ် ပြန်/ဆက်)



# ITC (SINDE) စက်မှုသင်တန်းကျောင်း(ဆင်တဲ)
## ကျောင်းသား ကျောင်းသူဟောင်းများအားလုံး၏ အာစရိယပူဇော်ပွဲ

စက်မှုသင်တန်းကျောင်း(ဆင်တဲ)တွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၄ ရက် (စနေနေ့) တွင် ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးနေ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။ သွားလာရေးစီစဉ်နိုင်ရန်နှင့် အလှူငွေထည့်ဝင်နိုင်ရန် အောက်ပါကျောင်းသား ကျောင်းသူဟောင်းများထံ ဆက်သွယ်နိုင်ပါသည်။

**ရန်ကုန်မြို့** ကိုရဲထွဋ် (၁/၇၉) ဖုန်း-၇၀၈၆၀၉၊ ၀၉-၅၀-၀၉၈၇၂၊ မလှဲလှဲသင်း(၃/၈၂) ဖုန်း-၆၆၀၅၀၄။
**ပြည်မြို့** ကိုထွန်းထွန်းနိုင်(၁/၇၉) ဖုန်း-၀၅၃-၂၆၁၀၃၊ ၂၄၃၈၉။
**ညောင်ခြေတောက်** မဝင်းဝင်းအေး(၄/၈၃)။
**ထုံးဘို** မစန်းစန်းဌေး (၃/၈၂)။
**သထုံ** ကိုခင်မောင်အေး(၁/၇၉)။
**ဆင်တဲ** ကိုကြည်စိုး(၁/၇၉)။
**မလွန်** မကြည်ကြည်စိုး (၃/၈၂)။



## မင်္ဂလာဆုတောင်း

မောင်လေး ဗိုလ်ကြီးဖေသီဟနှင့် ညီမလေး တင်ချိုလတ်(ခ) လတ်လတ်တို့ရဲ့ ၇-၁၁-၂၀၀၄ရက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် လိုရာဆန္ဒများနဲ့ပြည့်စုံ အေးချမ်းသာယာတဲ့ ဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

**ချစ်မေမေ**– ဒေါ်ခင်ရီ (အငြိမ်းစား-ကျောင်းအုပ်ဆရာမကြီး)
**ချစ်အစ်မများ**– ဒေါ်သီသီဖေ B.Sc. (Chem).Q
ဦးသန်းဘော်-ဒေါ်ကြည်ကြည်ဖေ (လ/ထ ကထိက၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)
ဦးဟန်ထွန်းကိုကို ( M.D ဧတေဝန်ကုမ္ပဏီလီမိတက်)-ဒေါ်ယဉ်နီဖေ (Director ဧတေဝန်ကုမ္ပဏီလီမိတက်)
ဒေါ်မို့မို့ဖေ(သုံးရာသီ NetWork Game Center)



## မင်္ဂလာဆုတောင်း

ဗိုလ်ကြီးဖေသီဟနှင့် မတင်ချိုလတ် (ခ) လတ်လတ် တို့၏ ၇-၁၁-၂၀၀၄ရက် မင်္ဂလာရက်မြတ်မှသည် ကျန်းမာခြင်း၊ ချမ်းသာခြင်းနှင့် ပြီးပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းပါသည်။

**ချစ်ဖေဖေ**– ဦးသန်းရှိန်(ငြိမ်း) မြို့နယ်အင်ဂျင်နီယာ-မြို့တော်စည်ပင်
**ချစ်မေမေ**– ဒေါ်မြသိန်း (ရှုပါလျှပ်စစ်စတိုး)
**ချစ်ညီအစ်မများ**– မဖြူ၊ မဝါ၊ မနွယ်နီ၊ မခင် (သီရိရွှေစင်အလှပြုပြင်ရေး)
**ချစ်အစ်ကိုများ**– ကိုရဲမင်းသိန်း၊ ကိုရဲဝင်း၊ ကိုရဲထွဋ်၊ ကိုရဲအောင် (ရှုပါလျှပ်စစ်စတိုးနှင့်ဟိန်းအိမ်ဆောက်ပစ္စည်း)



TOP 243363 705877



## ရောင်းမည်
**VIDEO editing**
လုပ်ငန်းသုံး ပစ္စည်းစုံ
(အသုံးပြုဆဲ)
**Ph : 541291**



## စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ထိမ်းမြားမင်္ဂလာ၊အစည်းအဝေးအခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊**
**ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂။**



STAR ENTERTAINMENT CO.,LTD
JOHN LWIN STAR ENTERTAINMENT CO.,LTD



01-251296


## ပြည်ထောင်စု
## မြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊
## ဝန်ကြီးရုံး

**ရက်စွဲ၊ ၂၀၀၄ခုနှစ်၊ နိုဝင်ဘာလ (၁)ရက်**

### တင်ဒါများဖိတ်ကြားခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အစိုးရကွန်ပျူတာကောလိပ် (တောင်ငူ)တွင်(က)ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ၊ နှစ်ထပ်သံကူကွန်ကရစ်တစ်လုံးနှင့် (ခ) စာသင်ဆောင်အုတ်ညှပ်တစ်ထပ်တစ်လုံး တည်ဆောက်ရန် အတွက် ချိပ်ပိတ်တင်ဒါများတင်သွင်းရန် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါ တင်သွင်းသူသည် ဆောက်လုပ် ပေးနိုင်မည့် တန်ဖိုးကို (B.Q) နှင့်တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါ ရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာအတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ အစိုးရ နည်းပညာကောလိပ်များမှ အကူအညီ ရယူနိုင်ပါသည်။

၄။ တင်ဒါ တင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှလိုက်နာရန်အချက်အလက်များကို အောက်ပါလိပ်စာသို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူးချုပ်**
**စက်မှုနှင့်သက်မွေးပညာဦးစီးဌာန**
**အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်မြို့။**
**ဖုန်း-၅၄၂၈၇၃၊ ၅၄၃၃၃၆။**

၅။ အသေးစိတ် အချက်အလက်များကိုသိရှိလိုပါက အထက်ပါလိပ်စာအတိုင်း လူကိုယ်တိုင် ဖြစ်စေ၊ တယ်လီဖုန်းဖြင့် ဖြစ်စေ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။


## မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ခ/၇၂၃၄ မော်တော်ယာဉ်လက်ဝယ်ရှိသူက ဒေါ်လှဝေ နိုင်ငံသားမှတ်ပုံတင် အမှတ် ၁၂/တတန(နိုင်) ၀၃၁၅၈၁မှ မော်တော်ယာဉ် မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက်ပေါင်း ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန အနောက်ပိုင်းခရိုင်ရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ခရိုင်ရုံး(အနောက်ပိုင်း)ရန်ကုန်မြို့။**



## အထက(၂)စစ်ကိုင်း
## ကျောင်းသားကျောင်းသူဟောင်းများ၏
## (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

**နေ့ရက်** – ၂၁-၁၁-၂၀၀၄ ရက် (တနင်္ဂနွေနေ့)
**အချိန်** – ၀၉း၀၀ နာရီ
**နေရာ** – အထက(၂)စစ်ကိုင်း မြမဥ္ဇူခန်းမ

ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ပါရန် ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ။**



မြန်မာနိုင်ငံ ဓေဒသုတေသနအဖွဲ့
မူအတိုင်း တွက်ချက်သော ၂၀၀၅ ခုနှစ်
# အင်းဝ
၁၂ရာသီ ဟောစာတမ်း ထွက်ပြီ

**ပင်ရင်း**- စိုးနိုင် ဖုန်း-၃၇၉၄၇၅-၆၊လိုင်းခွဲ-၅၁၉၊
မန္တလေး-ထွန်းဦးစာပေ- ဖုန်း-၀၂-၂၃၅၀၂-၃၉၇၀၁
ရန်ကုန်-အရုဏ်သစ်စာပေ-ဗိုလ်ချုပ်လမ်း။



Professional Manager
Three-day intensive course
MENTOR LMC



# အမျိုးသမီးများဘ၀တိုးတက်ဖွံ့ဖြိုးရေး အထောက်အကူပေးသော အဖွဲ့ချုပ်ဖြစ်အောင်ကြိုးစား အမျိုးသမီးထုကြီးကိုစုစည်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တည်ဆောက်ရေး

## အဖွဲ့ချုပ်ကြီးက တစ်တပ်တစ်အားပါဝင်နိုင်ရန် ဆက်လက်အကောင်အထည်ဖော်

ရန်ကုန် နို၀င်ဘာ ၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးရေးရာဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တွေ့ဆုံရှင်းလင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ဒေသစည်းရုံးရေးမှူးများ၊ ဒုတိယအဖွဲ့ခေါင်းဆောင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ အထောက်အကူပြုအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ ✡

### ဆွေးနွေး မှာကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးရေးရာဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တွေ့ဆုံရှင်းလင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အမျိုးသမီးရေးရာဆိုင်ရာ လုပ်ငန်းရပ်များ ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

### အမှာစကားပြောကြား

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုကောင်စီ ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)





### မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး၊ သတင်းအညွှန်း

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် ထူထောင်ရာတွင် နိုင်ငံသူနိုင်ငံသားများ ကျန်းမာကြံ့ခိုင်ရေး အစီအမံများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိ။

ခေါင်းကြီး(စာ–၂)

နိုင်ငံတော်နှင့်ဒေသကိုအကျိုးပြုမည့် ကျောက်မီးသွေးရတနာသိုက်ကြီးကလည်း ပေါ်ထွက်လာပြီ။ နောင်အနာဂတ်ကာလ၌ ထပ်မံတွေ့မြင်ရမည့် မန်ပန်၏ အနေအထားသည် ဘယ်အထိ ခရီးပေါက်မည်ဆိုသည်ကို အလွယ်တွေးကြည့်နိုင်။

မြင့်စိုး(နတလ)၏ ဆောင်းပါး(စာ–၁၀)

ပိုလ်ကျစိုးမိုးမှုကို တရုတ်နိုင်ငံ မည်သည့်အခါမျှ လုပ်ဆောင်မည်မဟုတ်၊ အာဆီယံဒေသဆိုင်ရာ ဖိုရမ်၌ တရုတ်ဝန်ကြီးချုပ် အာမခံပြောကြား။

နိုင်ငံတကာသတင်း(စာ–၄)

# မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးသည် နိုင်ငံတော်၏စွမ်းအားစုတစ်ရပ်ဖြစ် ကိုယ်ကျိုးကိုရှေ့တန်းမတင်ဘဲ အများကောင်းကျိုးအတွက်ဆက်လက်ဦးတည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ လမ်းညွှန်ချက်များနှင့်အညီ ညီညွတ်စွာလက်တွဲဆောင်ရွက်

ရန်ကုန် နို၀င်ဘာ ၈

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုကောင်စီညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ အဆိုပါအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။**

ဗဟိုကောင်စီ ညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာနှင့် ဗဟိုကောင်စီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ ရာသက်ပန်အသင်းဝင်အဖြစ်၊ စာမျက်နှာ ၈ ကော်လံ ၅ ✱